



# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

# စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



## အုပ်စု(၄).သံယုတ္တနိကာယ်

## 📖၂။ခန္ဓဝဂ္ဂ.သဠာယတနဝဂ္ဂသံယုတ်📖

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍️အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍️

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**ခန္ဓဝဂ္ဂ+သဠာယတနဝဂ္ဂ ပါဠိတော် မြန်မာပြန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၂) ရက်၊ (၃၀. ၅. ၂၀၁၄) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

## မေးခွန်းနှင့် အဖြေ

၁။ ကုသိုလ်တရားနှင့် ပြည့်စုံခြင်းကို ဘုရားရှင် ချီးမွမ်းတော်မူခြင်း၏ အကြောင်းကို ရေး၍၊ ခန္ဓာငါးပါးတို့၏ သာယာဖွယ်, အပြစ်, လွတ်မြောက်ရာတို့ကို ဘာရဝဂ်မှ ရှာဖွေ၍ တင်ပြခဲ့ပါ။

ဖြေ။ **ချီးမွမ်းတော်မူခြင်းအကြောင်း**

ကုသိုလ်တရားတို့သို့ ကပ်ရောက်နေသူအား မျက်မှောက်ဘဝ၌လည်း ချမ်းသာစွာ နေရခြင်း မဆင်းရဲရခြင်း ပြင်းစွာမပင်ပန်းရခြင်း မပူလောင်ရခြင်းတို့နှင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း ကောင်းသောလားရာကို (မချွတ် ရလိမ့်မည်ဟု) မျှော်လင့်နိုင်ရသောကြောင့်သာ မြတ်စွာဘုရားသည် ကုသိုလ်တရားနှင့်ပြည့်စုံခြင်းကို ချီးမွမ်းတော်မူ၏။ (၄-မှတ်)(မြန်၊နှာ-၈။)

ခန္ဓာငါးပါးတို့၏ သာယာဖွယ်ကား ထိုခန္ဓာငါးပါးကို အစွဲပြု၍ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု, စိတ်ချမ်းသာမှု ဖြစ်ပါသည်။

ခန္ဓာငါးပါးတို့၏ အပြစ်ကား မမြဲသော, ဆင်းရဲသော, ဖောက်ပြန်ခြင်းသဘောဖြစ်ပါသည်။

ခန္ဓာငါးပါးတို့၏ လွတ်မြောက်ရာကား ထိုခန္ဓာငါးပါးတို့၌ လိုချင်စွဲမက်မှု "ဆန္ဒရာဂ"ကို ဖျောက်ခြင်း၊ လိုချင်စွဲမက်မှု "ဆန္ဒရာဂကို ပယ်ခြင်း ဖြစ်ပါသည်။ (၂+၂+၂-မှတ်)(မြန်၊နှာ-၂၃။)

---

## မေးခွန်းနှင့် အဖြေ

၂။ အကြားအမြင်မရှိသော ပုထုဇဉ်၏ မထိတ်လန့်ထိုက်သော အရာ၌ ထိတ်လန့်မှု-ဟူသည် အဘယ်ပါနည်း? ဥဒါနသုတ်နှင့်အညီ ဖြေဆို၍၊ ဤသာသနာတော်၌ အလုံးစုံ ပြည့်စုံသူ ကျင့်သုံးပြီးသူ ယောကျ်ားမြတ်၏ အရည်အသွေးတို့တွင် ရှုဆင်ခြင်မှု သုံးမျိုးကိုသာ သတ္တဋ္ဌာနသုတ်မှ ထုတ်နုတ် တင်ပြခဲ့ပါ။

ဖြေ။ **မထိတ်လန့်ထိုက်သောအရာ၌ ထိတ်လန့်မှု**

အကယ်၍ ငါမည်သောတရား မရှိငြားအံ့၊ ငါ့ဥစ္စာဟု ရှိသည် မဖြစ်ရာ၊ အကယ်၍ ပြုပြင်မှု 'ကမ္မာဘိသင်္ခါရ' မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့ဟူသော (အနည်းငယ်သော) ဤဝိပဿနာသည် အကြားအမြင်မရှိသော ပုထုဇဉ်အား ထိတ်လန့်ခြင်းပင် မည်၏။ (၅-မှတ်)(မြန်၊နှာ-၄၅။)

**ရှုဆင်ခြင်မှု သုံးမျိုး**

ဓာတ်အားဖြင့် ရှုမှု၊ အာယတနအားဖြင့် ရှုမှု၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့်ရှုမှု၊ (၅-မှတ်)(မြန်၊နှာ-၅၁။)

## မေးခွန်းနှင့် အဖြေ

၃။ အကာကို ပြစ်၍ အနှစ်ကို ရှာဖွေသူအား "ခန္ဓာကိုယ်တွင်း ဖြစ်ပေါ်နေသော ဝိညာဏ်သည် အနှစ်သာရ မရှိ"ဟု ထင်လာပုံကို ဖေဏပိဏ္ဍူပမသုတ်လာအတိုင်း ဥပမေယျအားဖြင့်သာ ဖော်ပြ၍၊ သီလရှိသော ရဟန်းသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် အဘယ်တရားတို့ကို အဘယ်နည်း အဘယ်ပုံ အသင့် အတင့် နှလုံးသွင်းသင့်ပါသနည်း? သီလဝန္တသုတ်နှင့် အညီ ဖြေဆိုပါ။

ဖြေ။ ဝိညာဏ်သည် အနှစ်သာရမရှိဟု ထင်လာပုံ

အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော၊ အတွင်းအပြင်လည်းဖြစ်သော၊ အကြမ်းအနုလည်း ဖြစ်သော၊ အယုတ်အမြတ်လည်းဖြစ်သော၊ အဝေး အနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ရဟန်းသည် ကြည့်၏၊ တစိမ့်စိမ့် ရှု၏၊ အသင့်အားဖြင့် ဆင်ခြင်၏။ ထိုရဟန်းသည့်ကြည့်နေစဉ် တစိမ့်စိမ့် ရှုနေစဉ် အသင့်အားဖြင့် ဆင်ခြင်နေစဉ် အသုံးမဝင်ဟူ၍သာ ထင်ရာ၏၊ အချည်းနှီးဟူ၍သာ ထင်ရာ၏၊ အနှစ်မဲ့ဟူ၍သာ ထင်ရာ၏။ ဝိညာဏ်၌ အနှစ်ဟူ၍ အဘယ်မှာ ရှိနိုင်မည်နည်း။ (၅-မှတ်)(မြန်၊နှာ-၁၀၈။)

**အဘယ်တရားကို အဘယ်နည်း အဘယ်ပုံအားဖြင့် နှလုံးသွင်းသင့်ကြောင်း**

သီလရှိသော ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးမျိုးတို့ကို မမြဲဟူ၍ ဆင်းရဲဟူ၍ ရောဂါဟူ၍ အနာဟူ၍ ငြောင့်ဟူ၍ ပင်ပန်းမှုဟူ၍ နာကျင်မှုဟူ၍ သူစိမ်းပြင်ပဟူ၍ အပျက်တရားဟူ၍ ဆိတ်သုဉ်းသော တရားဟူ၍ အတ္တအနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းအပ်ကုန်၏။ (၅-မှတ်)(မြန်၊နှာ-၁၂၇။)

## မေးခွန်းနှင့် အဖြေ

၄။ (က) အောက်သို့ ငုံ၍ စားသူ၊ (ခ) အထက်သို့ မော့၍ စားသူ၊
(ဂ) အရပ်လေးမျက်နှာသို့ လှည့်၍စားသူ၊ (ဃ) အထောင့်အရပ်သို့ လှည့်၍ စားသူတို့ကို ဖော်ပြ၍၊ မြွေနဂါးတို့ ဥပုသ်စောင့်သုံးကြခြင်း၏ အကြောင်းကိုလည်း လိုရင်းမျှ ဖော်ပြခဲ့ပါ။

ဖြေ။ (က) မြေကြီးအတတ်ဟူသော (မဂ်ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏအားလုံးတို့ကို အောက်သို့ ငုံ၍ စားသူတို့ဟု ဆိုအပ်ကုန်၏။

(ခ) နက္ခတ်အတတ် ဟူသော (မဂ်ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့်အသက်မွေးကြသော သမဏ ဗြာဟ္မဏအားလုံးတို့ကို အထက်သို့ မော့၍ စားသူတို့ဟု ဆိုအပ်ကုန်၏။

(ဂ) တမန်မှု အစေအပါးအမှုဖြင့် သွားခြင်းကို အားထုတ်ခြင်းဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏ အားလုံးတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟုဆိုအပ်ကုန်၏။

(ဃ) အင်္ဂဝိဇ္ဇာအတတ်ဟူသော (မဂ် ဖိုလ်မှ) ဖီလာအတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့်အသက်မွေးကြသော သမဏဗြာဟ္မဏအားလုံး တို့ကို အထောင့်အရပ်လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟု ဆိုအပ်ကုန်၏။

(၂+၂+၂+၂-မှတ်)(မြန်၊နှာ-၁၉၁။)

**ဥပုသ်စောင့်သုံးရခြင်းအကြောင်း**

သေပြီးနောက်၌ ကောင်းရာသုဂတိဘုံသို့ ရောက်လိုကြသောကြောင့် (၂-မှတ်)(မြန်၊နှာ-၁၉၃။)

## မေးခွန်းနှင့် အဖြေ

၅။ ဈာန်ရပုဂ္ဂိုလ်လေးမျိုးကို သမာဓိမူလကသမာပတ္တိသုတ်နှင့်အညီ ခွဲခြား ဖော်ပြ၍၊ ထိုလေးမျိုးတို့တွင် အမြတ်ဆုံး ပုဂ္ဂိုလ်ကို ဥပမာနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ **ဈာန်ရပုဂ္ဂိုလ်လေးမျိုး**

(၁) ဈာန်၌သာ လိမ္မာ၍ ဈာန်ဝင်စားမှု၌ မလိမ္မာသော ဈာန်ရပုဂ္ဂိုလ်
(၂) ဈာန်ဝင်စားမှု၌သာ လိမ္မာ၍ ဈာန်၌မလိမ္မာသော ဈာန်ရပုဂ္ဂိုလ်
(၃) ဈာန်၌လည်း မလိမ္မာ ဈာန်ဝင်စားမှု၌လည်း မလိမ္မာသော ဈာန်ရပုဂ္ဂိုလ်
(၄) ဈာန်၌လည်း လိမ္မာသော ဈာန်ဝင်စားမှု၌လည်း လိမ္မာသော ဈာန်ရပုဂ္ဂိုလ် (၆-မှတ်)(မြန်၊နှာ-၂၁၅။)

**အမြတ်ဆုံးပုဂ္ဂိုလ်**

ဥပမာသော်ကား နွားမထက် နို့ကို နို့ထက် နို့ခမ်းကို နို့ခမ်းထက် ဆီဦးကို ဆီဦး ထက်ထောပတ်ကို ထောပတ်ထက် ထောပတ်ကြည်ကို အမြတ်ဆုံး ဖြစ်၏ဟု ဆိုရသကဲ့သို့ ဤအတူ ဤလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ၊ ဈာန်ဝင်စားမှု၌လည်း လိမ္မာသူသည် အထက်ဆုံး ဖြစ်၏၊ အမြတ်ဆုံး ဖြစ်၏၊ အကြီးဆုံး ဖြစ်၏၊ အလွန်ဆုံး ဖြစ်၏၊ အမွန်ဆုံး ဖြစ်၏။ (၄-မှတ်)(မြန်၊နှာ-၂၁၅။)

## မေးခွန်းနှင့် အဖြေ

၆။ အဆင်းတို့၏ ဖြစ်ပေါ်မှု, တည်မှု, ထင်ရှားဖြစ်မှုသည် အဘယ်အရာတို့၏ ဖြစ်ပေါ်မှု, တည်မှု, ထင်ရှားဖြစ်မှု ပါနည်း? ဒုတိယဒုက္ခုပ္ပါဒသုတ်နှင့် အညီ ရေးသား၍၊ ရာဂ-စသော မီး (၁၁)ပါးတို့ တောက်လောင်နေသော တရားတို့တွင် ပထမတရားအုပ်စုကိုသာ အာဒိတ္တသုတ်နှင့် အညီ ဖော်ပြခဲ့ပါ။

ဖြေ။ အဆင်းတို့၏ ဖြစ်ပေါ်မှုသည် ဆင်းရဲ၏ဖြစ်မှုပင်တည်း၊
အဆင်းတို့၏ တည်မှုသည် ရောဂါတို့၏ တည်တံ့မှုပင်တည်း၊
အဆင်းတို့၏ ထင်ရှားဖြစ်မှုသည် အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်မှုပင်တည်း။
(၂+၂+၂-မှတ်)(မြန်၊နှာ-၂၃၉။)

**တောက်လောင်သော တရားတို့တွင် ပထမတရားအုပ်စု**

မျက်စိ၊ အဆင်း၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခု သမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ (၄-မှတ်)(မြန်၊နှာ-၂၄၂။)

## မေးခွန်းနှင့် အဖြေ

၇။ ဥပါသကာ ဥပါသိကာမ-စသည်တို့နှင့် ရောကာ ရွာနီးကျောင်း၌ နေသော်လည်း "တစ်ယောက်တည်းနေသူ"ဟု သတ်မှတ်ထိုက်သော ရဟန်းကို ပဌမမိဂဇာလသုတ်လာအတိုင်း အကျဉ်းချုပ်ကာ ဖော်ပြ၍၊ ဘုရားရှင်၏ အဆုံးအမ သာသနာ၌ လောကဟူသည် အဘယ်နည်း? ပလောကဓမ္မသုတ်လာအတိုင်း မကျဉ်းမကျယ် ဖြေဆိုခဲ့ပါ။

**ဖြေ။ တစ်ယောက်တည်းနေသူဟု သတ်မှတ်ထိုက်သော ရဟန်း**

လိုလားနှစ်သက် တပ်မက်ဖွယ်ဖြစ်သော အာရုံခြောက်ပါးတို့ကို လွန်စွာ နှစ်သက်စွဲလန်း၍ မတည်သော ရဟန်းအား နှစ်သက်မှုသည် ချုပ်၏၊ နှစ်သက်မှုမရှိသော် ပြင်းစွာ စွဲမက်မှု မဖြစ်။ ပြင်းစွာ စွဲမက်မှုမရှိသော် ရှက်ယှဉ်နှောင်ဖွဲ့မှု မဖြစ်။ နှစ်သက်မှု သံယောဇဉ်ဖြင့် နှောင်ဖွဲ့ခြင်း မခံရသော ရဟန်းကို တစ်ယောက်တည်းနေသူဟု သတ်မှတ်ထိုက်ပါသည်။ (၅-မှတ်)(မြန်၊နှာ-၂၅၆။)

**လောက**

လောကဟူသည် ပျက်စီးတတ်သော သဘောရှိသော အာရုံခြောက်ပါး၊ ဝိညာဏခြောက်ပါး၊ သမ္ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါးတို့ပင်တည်း။ (၅-မှတ်)(မြန်၊နှာ-၂၇၂။)

## မေးခွန်းနှင့် အဖြေ

၈။ မိမိစိတ်ကို မထိန်းသိမ်းနိုင်သူကို "မေ့မေ့လျော့လျော့ နေထိုင်သူ"ဟု တံဆိပ်ကပ်သော် သင့်/မသင့် ပမာဒဝိဟာရီသုတ်နှင့်အညီ ကြောင်းကျိုးစပ်ကာ ဆုံးဖြတ်ပြ၍၊ မြတ်ဗုဒ္ဓသာသနာတော်၌ အကျင့်မြတ်ကို ကျင့်သုံးခြင်း၏ ရည်ရွယ်ချက်ကိုလည်း ကိမတ္ထိယပြဟ္မစရိယသုတ်မှာ လာသည့်အတိုင်း အကျဉ်းချုပ် ဖော်ပြခဲ့ပါ။

**ဖြေ။ မေ့မေ့လျော့လျော့နေထိုင်သူဟု တံဆိပ်ကပ်သော် သင့်၏**

မနိန္ဒြေကို မပိတ်ဆို့သည်ဖြစ်၍ နေသော သူ၏ စိတ်သည် မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့၌ စိုစွတ်လျက် ဖြစ်၏၊ ထိုစိုစွတ်လျက် ဖြစ်သော စိတ်ရှိသူအား ဝမ်းမြောက်မှု မဖြစ်နိုင်၊ ဝမ်းမြောက်မှု မရှိသော် နှစ်သက်မှု မဖြစ်နိုင်၊ နှစ်သက်မှု မရှိသော် ငြိမ်းချမ်းမှု မဖြစ်နိုင်၊ ငြိမ်းချမ်းမှု မရှိသော် ဆင်းရဲ၏၊ ဆင်းရဲသော သူ၏စိတ်သည် မတည်ငြိမ်၊ စိတ် မတည်ငြိမ်သော် တရားတို့သည် ထင်စွာ မဖြစ်ပေါ်နိုင်ကုန်၊ တရားတို့ထင်စွာ မဖြစ်ပေါ်ခြင်းကြောင့် မေ့မေ့လျော့လျော့ နေတတ်သူဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

(၅-မှတ်)(မြန်၊နှာ-၂၉၃။)

**ရည်ရွယ်ချက်**

ဆင်းရဲသော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့ကို ပိုင်းခြား၍ သိခြင်း၊
ဆင်းရဲသော အာရုံခြောက်ပါးတို့ကို ပိုင်းခြား၍ သိခြင်း၊
ဆင်းရဲသော ဝိညာဉ်ခြောက်ပါးတို့ကို ပိုင်းခြား၍ သိခြင်း၊
ဆင်းရဲသော သမ္ဖဿခြောက်ပါးတို့ကို ပိုင်းခြား၍ သိခြင်း၊
ဆင်းရဲသော သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာတို့ကို ပိုင်းခြား၍ သိခြင်း။ (၅-မှတ်)(မြန်၊နှာ-၃၄၅။)

## မေးခွန်းနှင့် အဖြေ

၉။ မာရ်နတ်၏ ငါးများချိတ်နှင့် ထိုငါးများချိတ်ကို မျိုမိသော ပုဂ္ဂိုလ်ကို ဗာဠီသိကောပမသုတ်နှင့် အညီ သိသာရုံ ဖော်ပြ၍၊ ဒါရုက္ခန္ဓောပမသုတ်လာ (က) ဟိုဘက်ကမ်း၊ (ခ) ဒီဘက်ကမ်း၊ (ဂ) အလယ်၌ နစ်မြုပ်မှုတို့ကိုလည်း ဗုဒ္ဓအလိုတော်ကျ ဖော်ပြခဲ့ပါ။

ဖြေ။ **မာရ်နတ်၏ ငါးများချိတ်**

အလိုရှိအပ်ကုန်၊ နှစ်သက်အပ်ကုန်၊ မြတ်နိုးအပ်ကုန်၊ ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော စွဲမက်အပ်ကုန်သော အာရုံခြောက်ပါး (၂-မှတ်)(မြန်၊နှာ-၃၆၄။)

**ငါးများချိတ်ကို မျိုမိသော ပုဂ္ဂိုလ်**

ထိုအာရုံခြောက်ပါးကို အလွန်နှစ်သက်သော၊ စွဲလန်းသော၊ လွှမ်းမိုး၍ တည်သော ပုဂ္ဂိုလ် (၂-မှတ်)(မြန်၊နှာ-၃၆၄။)

(က) " ဤမှာဘက်ကမ်း" ဟူသော ဤအမည်သည် အတွင်းဖြစ်သော တည်ရာ 'အဇ္ဈတ္တိကာယတန' ခြောက်ပါးတို့၏ အမည်တည်း။

(ခ) "ထိုမှာဘက်ကမ်း" ဟူသော ဤအမည်သည်အပဖြစ်သောတည်ရာ 'ဗာဟိရာယတန' ခြောက်ပါးတို့၏ အမည်တည်း။

(ဂ) "အလယ်၌ နစ်မြုပ်ခြင်း" ဟူသော ဤအမည်သည် နှစ်သက်စွဲမက်မှု 'နန္ဒီရာဂ'၏ အမည်တည်း။ (၂+၂+၂-မှတ်)(မြန်၊နှာ-၃၈၃။)

## မေးခွန်းနှင့် အဖြေ

၁၀။ အမျိုးသမီးများ သီးသန့် ခံစားရသော ဆင်းရဲဒုက္ခ ငါးမျိုးကို စာရင်းပြုစု တင်ပြ၍၊ အိမ်ထောင်တစ်ခုကို နိုင်နင်းရဲဝံ့စွာ စီမံထိန်းသိမ်းနိုင်သော အိမ်ရှင်မတိုင်း ရှိသင့်သော စွမ်းအားများကိုလည်း ဝိသာရဒသုတ်နှင့် အညီ ဖော်ပြခဲ့ပါ။

ဖြေ။ **သီးသန့်ခံစားရသော ဆင်းရဲဒုက္ခ ၅-မျိုး**

(၁) ငယ်ရွယ်စဉ်ကပင်လျှင် လင့်အိမ်သို့ လိုက်သွားရခြင်း၊ ဆွေမျိုးတို့နှင့် ခွဲခွာနေရခြင်း။
(၂) ဥတုလာရခြင်း
(၃) ကိုယ်ဝန်ဆောင်ရခြင်း
(၄) သားဖွားရခြင်း
(၅) ယောကျ်ား၏ အလုပ်အကျွေးအဖြစ်သို့ ရောက်ရခြင်း။ (၅-မှတ်)(မြန်၊နှာ-၄၃၂-၃။)

**အိမ်ရှင်မတိုင်း ရှိသင့်သော စွမ်းအား**

(၁) အဆင်းအား
(၂) စည်းစိမ်ဥစ္စာအား
(၃) ဆွေမျိုးအား
(၄) သားသမီးအား
(၅) သီလအား (၅-မှတ်)(မြန်၊နှာ-၄၃၈။)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**ခန္ဓဝဂ္ဂ+သဠာယတနဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေ**

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇) ရက်၊ (၂၃. ၆. ၂၀၁၅) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

၁။ (က) ဝန်ထုပ်ဝန်ပိုး၊ (ခ) ဝန်ထမ်း၊ (ဂ) ဝန်ယူကြောင်းတို့ကို အချုပ်အားဖြင့်လည်းကောင်း၊ သမဏ ဗြာဟ္မဏဟု သမုတ်အပ်သူ ဟူသည် မည်သို့နည်း အရှင်သောဏအား မိန့်ကြားသည်နှင့်အညီလည်းကောင်း၊ အာဒိတ္တသုတ်အရ တပြောင်ပြောင် တောက်လောင်အပ်သော အရာများကိုလည်းကောင်း အသီးအသီး ဖော်ပြခဲ့ပါ။

**ဖြေ။** (က) ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဝန်ထုပ်ဝန်ပိုးဖြစ်ပါသည်။ ၂-မှတ်

(ခ) ဤအမည်ရှိသော, ဤအနွယ်ရှိသော ပုဂ္ဂိုလ်သည် ဝန်ထမ်းဖြစ်ပါသည်။ ၂-မှတ်

(ဂ) ကာမ၌တပ်မက်မှု, ဘဝ၌တပ်မက်မှု, ဘဝပြတ်ခြင်း၌တပ်မက်မှုဟူသော ဘဝသစ်ကို ဖြစ်စေနိုင်သော နှစ်သက်စွဲမက်မှုနှင့်တကွဖြစ်သော ထိုထိုဖြစ်ရာအာရုံတို့ကို နှစ်သက်တတ်သောတဏှာ သည် ဝန်ယူကြောင်းဖြစ်ပါသည်။

(ပိုဒ်၊၂၂။ မြန်မာပြန် နှာ၊၂၁) ၂-မှတ်

**သမဏ ဗြာဟ္မဏ ဟုသမုတ်အပ်သူဟူသည်** - ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ကိုသိသူ၊ ယင်းတို့၏ဖြစ်ပေါ်ကြောင်းကိုသိသူ၊ ချုပ်ရာကိုသိသူ၊ ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကို သိသူတို့ဖြစ်ပါသည်။

(ပိုဒ်၊၅၀။ မြန်မာပြန် နှာ၊၄၁) ၂-မှတ်

**တောက်လောင်အပ်သောအရာများ** - ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ဖြစ်ကြပါသည်။

(ပိုဒ်၊၆၁။ မြန်မာပြန် နှာ၊၅၆) ၂-မှတ်

၂။ အရှင်အဿဇိ ဘုရားရှင်အား လျှောက်ထားသည့် ပူပန်မှုဖြစ်ရပုံကို ဖော်ပြ၍၊ လောကပညာရှိတို့နှင့် ဘုရားရှင် မဆန့်ကျင်ပုံတွင် 'မရှိဟု သမုတ်အပ်သောအရာများ'ကို ထုတ်ပြပြီး၊ အနိစ္စသညာ ပွားများလေ့လာသူတို့ ရရှိမည့်အကျိုးကို ဥပမာမဖက် အဓိပ္ပါယ်သက်သက်မျှ ဖော်ပြခဲ့ပါ။

**ဖြေ။** **ပူပန်မှုဖြစ်ရပုံ** - မနာမိ ရှေးက ထွက်သက်ဝင်သက်တို့ကို ငြိမ်းစေငြိမ်းစေ၍ နေထိုင်ပါ၏၊ ယခုအခါ တပည့်တော်သည် တည်ကြည်မှု သမာဓိကိုမရ၊ ထိုတည်ကြည်မှု သမာဓိကိုမရသဖြင့် တပည့်တော်အား ငါသည် သာသနာတော်မှ မဆုတ်ယုတ်သလောဟုအကြံဖြစ်၍ ပူပန်မှုဖြစ်ရပါသည်။

(ပိုဒ်၊၈၈။ မြန်မာပြန် နှာ၊၉၇) ၃-မှတ်

**မရှိဟု သမုတ်အပ်သောအရာများ** - မြဲသော, ခိုင်ခံ့သော, တည်တံ့သော, ဖောက်ပြန်ခြင်း သဘောမရှိသော, ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို လောက၌ မရှိဟု ပညာရှိတို့ သမုတ်အပ်၍ ငါဘုရားလည်း မရှိဟုပင်သမုတ်အပ်သည်။

(ပိုဒ်၊၉၄။ မြန်မာပြန် နှာ၊၁၀၆) ၃-မှတ်

**ရရှိမည့်အကျိုး** - (က)ကာမဂုဏ်တို့၌ စွဲမက်မှု'ရာဂ'အားလုံး (ခ) ရုပ်၌ စွဲမက်မှု 'ရူပရာဂ'အားလုံး၊ (ဂ) ဘဝ၌ စွဲမက်မှု'ဘဝရာဂ'အားလုံး၊ (ဃ) အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ (င) ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။

(ပိုဒ်၊၁၀၂။ မြန်မာပြန် နှာ၊၁၁၇) ၄-မှတ်

၃။ အဝိဇ္ဇာ ၏ အဓိပ္ပါယ်ကို တတိယကောဋ္ဌကသုတ်အရ ဖော်ပြ၍၊ အဘယ်တရားကို နှလုံးသွင်းမှား၍ လေမတိုက်၊ မြစ် မစီး စသည့် ဖောက်ပြန်ပျက်စီးမှုများဖြစ်ရသည်ကို သောတာပတ္တိဝဂ် ဝါတသုတ်အရ ဖြေပြီး၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်တို့၏ စ၍ဖြစ်ခြင်း တည်တန့်ခြင်း-စသည်များသည် မည်သည့်အကျိုးဆက်များကို ဖြစ်စေသည်ကိုလည်း ဥပ္ပါဒသံယုတ် စက္ခုသုတ်အရ ဖြေဆိုပါ။

**ဖြေ။ အဓိပ္ပါယ်** - ဤလောက၌ အကြား အမြင် မရှိသောပုထုဇဉ်သည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို မသိ၊ ယင်းတို့၏ဖြစ်ကြောင်းကို မသိ၊ ယင်းတို့၏ချုပ်ရာကို မသိ၊ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိ၊ ဤသည်ကို အဝိဇ္ဇာဟုဆိုအပ်ပါသည်။ (ပိုဒ်၊၁၃၅။ မြန်မာပြန် နှာ၊၁၃၅) ၃-မှတ်

**ဖောက်ပြန် ပျက်စီးမှုများဖြစ်ရကြောင်း** - ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ရှိလျှင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကိုအစွဲပြု၍၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို အမှားနှလုံးသွင်း၍ လေမတိုက်၊ မြစ် မစီး ဖောက်ပြန်ပျက်စီးမှုများ ဖြစ်ရပါသည်။ (ပိုဒ်၊၂၀၆။ မြန်မာပြန် နှာ၊၁၅၇) ၄-မှတ်

**ဥပ္ပါဒသံယုတ် စက္ခုသုတ်အရ** - မျက်စိ နား နှာ လျှာ ကိုယ် စိတ်တို့၏ စ၍ဖြစ်ခြင်း တည်တံ့ခြင်း စသည်များသည် ဆင်းရဲ၏စ၍ဖြစ်မှု, ရောဂါတို့၏ တည်တံ့မှု, အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ပေါ်မှု အကျိုးဆက်များကို ဖြစ်စေပါသည်။ (ပိုဒ်၊၃၁၂။ မြန်မာပြန် နှာ၊၁၈၁) ၃-မှတ်

၄။ နဂါးမျိုး လေးခုတို့ကို ဖော်ပြ၍၊ တစ်ရံတစ်ခါ ဆီးနှင်းကျခြင်း, တစ်ရံတစ်ခါ မိုးရွာခြင်း၏ အကြောင်းများကို ထုတ်ပြပြီး၊ ဝစ္ဆဂေါတ္တပရိဗိုဇ် လျှောက်ထားသဖြင့် ဘုရားရှင် ဖြေကြားသည့် 'လောက၌ အယူအမျိုးမျိုး ဖြစ်ပေါ်လာရခြင်းအကြောင်း'ကို ရူပအညာဏသုတ်အရ ဖော်ပြခဲ့ပါ။

**နဂါးမျိုးလေးစု** - ၁။ ဥ၌ဖြစ်သော အဏ္ဍဇနဂါး၊ ၂။ သားအိမ်၌ဖြစ်သော ဇလာဗုဇနဂါး၊ ၃။ အညစ်အကြေးတို့၌ဖြစ်သော သံသေဒဇနဂါး၊ ၄။ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကနဂါး။

(ပိုဒ်၊၃၄၂။ မြန်မာပြန် နှာ၊၁၉၂) ၃-မှတ်

**အကြောင်းများ** - ဆီးနှင်းကျစေတတ်သော ဝလာဟကနတ်တို့က 'ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ'ဟုအကြံဖြစ်ပေါ်လာသည့်အခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ ဆီနှင်းကျမှု ဖြစ်ရပါသည်။ ၂-မှတ်

မိုးရွာစေတတ်သော ဝလာဟကနတ်တို့က 'ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူ ကောင်းလေစွ'ဟု အကြံဖြစ်ပေါ်လာသည့်အခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ မိုးရွာမှု ဖြစ်ရပါသည်။

(ပိုဒ်၊ ၆၀၄-၆။ မြန်မာပြန် နှာ၊၂၀၇-၈) ၂-မှတ်

**အယူအမျိုးမျိုးဖြစ်ပေါ်လာရခြင်းအကြောင်း** - ရုပ်၌ မသိခြင်း၊ ရုပ်ဖြစ်ကြောင်း၌ မသိခြင်း၊ ရုပ်ချုပ်ရာ၌ မသိခြင်း၊ ရုပ်ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ မသိခြင်းကြောင့် ဖြစ်ပေါ်လာရပါသည်။ **(ရူပအညာဏသုတ်အရဖြစ်ပါသည်)** (ပိုဒ်၊၆၀၇။ မြန်မာပြန် နှာ၊၂၀၉) ၃-မှတ်

၅။ မျက်စိနှင့် စပ်၍ သာယာဖွယ်, အပြစ်, ထွက်မြောက်ရာ တို့ကို အလောင်းတော်ဘဝ တွေးကြံအပ်သည်အတိုင်း ယမကဝဂ်အရ ဖော်ပြ၍၊ မျက်စိ, အဆင်း စသည်တို့သည် နှိပ်စက်ခံနေကြရသည်ဟု အမိန့်ပြုရာ နှိပ်စက်သော တရားများကို ထုတ်ပြပြီး၊ အရှင်မိဂဇာလအား မိန့်ကြားသည့် အဖော်နှင့် နေသူ, အဖော်မဲ့နေသူ နှစ်မျိုးကို ပဓာနအချက်ကို ရှုလျက် လိုရင်းမျှ ဖော်ပြခဲ့ပါ။

**ဖြေ။ မျက်စိနှင့်စပ်၍** - မျက်စိကိုစွဲ၍ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် မျက်စိ၏ သာယာဖွယ်၊ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော မျက်စိသည် မျက်စိ၏ အပြစ်၊ မျက်စိ၌ လိုချင်စွဲမက်မှု ဆန္ဒရာဂကို ဖျောက်ခြင်း ပယ်ခြင်းသည် မျက်စိ၏ ထွက်မြောက်ရာ။ (ပိုဒ်၊၁၃။ မြန်မာပြန် နှာ၊၂၃၂) ၁-မှတ်စီ ၃-မှတ်

**နှိပ်စက်သောတရားများ** - ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာ ပင်ပန်းမတို့က နှိပ်စက်ပါသည်။ (ပိုဒ်၊၂၉။ မြန်မာပြန် နှာ၊၂၄၄) ၃-မှတ်

**အဖော်နှင့်နေသူ** - နှစ်သက်မှု သံယောဇဉ် ကြီးအချည်ခံရသော ရဟန်းကို အဖော်နှင့်နေသူ ဟုဆိုအပ်ပါသည်။

**အဖော်မဲ့နေသူ** - နှစ်သက်မှု သံယောဇဉ် ကြိုးအချည်မခံရသော ရဟန်းကို အဖော်မဲ့နေသူ ဟုဆိုအပ်ပါသည်။
(ပိုဒ်၊၆၃။ မြန်မာပြန် နှာ၊၂၅၅-၆) **၂-မှတ်စီ ၄-မှတ်**

၆။ သုနာပရန္တတိုင်းသားတို့က ဆဲရေး ရေရွတ်မှု, ဓားဖြင့် ခုတ်မှု, ဓားဖြင့် သတ်မှု ပြုခဲ့လျှင် သင့်စိတ် အသို့ ဖြစ်မည်နည်း- ဟူသော အမေးကို အရှင်ပုဏ္ဏ ဖြေဆိုပုံနှင့်၊ မာလုံကျပုတ္တအား မိန့်ကြားသည့် "မြင်လျှင် မြင်ကာမျှ" ဟု ရှုသဖြင့် ရရှိနိုင်သော အကျိုးဆက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ အရှင်ပုဏ္ဏ၏အဖြေ** - သုနာပရန္တတိုင်းသားတို့က ဆဲရေး ရေရွတ်မှုပြုခဲ့လျှင် 'ဤသုနာပရန္တတိုင်းသား ဖြစ်သူလူတို့သည် ကောင်းကြပေစွတကား၊ ဤသုနာပရန္တတိုင်းသား လူအများ တို့သည် အလွန်ကောင်းကြပေစွတကား၊ ယင်းသို့ကောင်းကြသောကြောင့် ငါ့အား ဤလူတို့သည် လက်ဖြင့် ပုတ်ခတ်မှုကို မပေးကြကုန်သေး'ဟု စိတ်ထားဖြစ်ပါမည်။ ၂-မှတ်

ဓားဖြင့် ခုတ်မှုပြုခဲ့လျှင် 'ဤသုနာပရန္တတိုင်းသားဖြစ်သူလူတို့သည် ကောင်းကြ အလွန်ကောင်းကြပေစွတကား၊ ယင်းသို့ကောင်းကြပေသောကြောင့် ငါ့အား ဤလူတို့သည် ထက်လှစွာသော ဓားဖြင့် အသက်မှ မချကုန်'ဟု စိတ်ထားဖြစ်ပါမည်။ ၂-မှတ်

ဓားဖြင့် အသက်မှချမှုပြုခဲ့လျှင် 'ခန္ဓာကိုယ်မှရင်း အသက်မှရင်း ငြီးငွေ့ကုန် ရှက်နိုးကုန် စက်ဆုပ်ကုန်သည်ဖြစ်၍ အသက်ကိုဆောင်တတ်သော ဓားလက်နက်ကို ရှာကြကုန်သော မြတ်ဘုရား၏ တပည့်တို့ရှိကုန်၏၊ အသက်ကို ဆောင်တတ်သော ဓားလက်နက်ကို ငါသည် မရှာဖွေပဲသာလျှင် ရအပ်၏'ဟု စိတ်ထားဖြစ်ပါမည်။
(ပိုဒ်၊၈၈။ မြန်မာပြန် နှာ၊၂၇၈-၉) ၂-မှတ်

**အကျိုးဆက်များ** - မြင်လျှင် မြင်ကာမျှ ဟုရှုလျှင် (က) စွဲမက်ခြင်း အမျက်ထွက်ခြင်း တွေဝေခြင်း မဖြစ်လတ့်၊ (ခ) ထိုအခါ သင်သည် ထိုအာရုံ၌ မတည်လတ့်၊ (ဂ) ထိုအခါ သင်သည် ဤဘဝ၌လည်း မဖြစ်လတ့်၊ တမလွန်ဘဝ၌လည်း မဖြစ်လတ့်၊ နှစ်ဘဝလုံး၌လည်း မဖြစ်လတ့်၊ မဖြစ်မှုသည်ပင် ဆင်းရဲ၏အဆုံး(နိဗ္ဗာန်)မည်ပါသည်။
(ပိုဒ်၊၉၅။ မြန်မာပြန် နှာ၊၂၈၇) ၄-မှတ်

၇။ မာရ်၏ အလိုသို့ လိုက်နေရသော ရဟန်းဟူသည် အဘယ်နည်း ဖြေ၍၊ အရှင်မဟာကစ္စည်းထေရ်၏ တောကျောင်းဝန်းကျင်၌ မည်သူတို့က, မည်သို့မည်ပုံ, မည်သည့်အသံများ ပြုကြသည်ကို ဖော်ပြခဲ့ပါ။

**ဖြေ။ မာရ်၏အလိုသို့ လိုက်နေရသောရဟန်းဟူသည်** - အလိုရှိအပ်, နှစ်သက်အပ်, စိတ်နှလုံးကိုပွါးစေတတ်, ချစ်ခင်ဖွယ်သဘောရှိကုန်, ကာမနှင့်စပ်ယှဉ်ကုန်, စွဲမက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သောအဆင်း၊ သောတဝိညာဏ်ဖြင့် ကြားအပ်ကုန်သောအသံ၊ ဃာနဝိညာဏ်ဖြင့် နမ်းရှုအပ်ကုန်သောအနံ့၊ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သောအရသာ၊ ကာယဝိညာဏ်ဖြင့်တွေ့ထိအပ်ကုန်သော အတွေ့အထိ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ ရှိကြကုန်၏။

ထိုသဘောတရားတို့ကို အလွန်နှစ်သက် စွဲလမ်း လွှမ်းမိုး၍ တည်သောရဟန်းသည် မာရ်၏အလိုသို့ လိုက်နေရသောရဟန်းဟုဆိုအပ်ပါသည်။ (ပိုဒ်၊၁၁၄။ မြန်မာပြန် နှာ၊၃၀၅) ၄-မှတ်

တောကျောင်းဝန်းကျင်၌ - လောဟိစ္စပုဏ္ဏားး၏ များစွာကုန်သော ထင်းခွေသမား တပည့်လုလင်တို့က
၂-မှတ်

အရှင်မဟာကစ္စည်း၏ တောကျောင်းသို့ချဉ်းကပ်ကြကုန်၍ ကျောင်း၏ပတ်ဝန်းကျင်၌ ခေါက်တုံ့ ခေါက်ပြန် စင်္ကြံလျှောက်ကြကုန်၏၊ လှည့်ပတ်ကြကုန်၏၊ အချို့အချို့သူတို့သည် ကျယ်လောင်ဆူညံသော အသံရှိကြကုန်သည်ဖြစ်၍ အချင်းချင်း ခုန်ကျော်ပြေးလွှား ကစားမျိုးတို့ကို ပြုလုပ်ကြကုန်၏။ ၂-မှတ်

ဤသူတို့ကား ဦးပြည်းရဟန်းညံ့တို့ ဖြစ်ကုန်၏၊ ဇာတ်နိမ့်တို့ဖြစ်ကုန်၏၊ မည်းညစ်ကုန်၏၊ ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်၏။

ဤဇာတ်နိမ့် ရဟန်းညံ့တို့အား လူတို့သည် အရိုအသေပြုကြ၊ အလေးပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြ၊ တုပ်ဝပ်ကြကုန်၏ ဟုပြောဆိုကြပါသည်။ (ပိုဒ်၊၁၃၂။ မြန်မာပြန် နှာ၊၃၂၈) ၂-မှတ်

၈။ ကံဟောင်း၊ ကံသစ်နှင့် ယင်းနှစ်မျိုးတို့၏ ချုပ်ကြောင်းအကျင့်တို့ကို ဖော်ပြ၍၊ လောက သတ္တဝါတို့ကို အကျိုးမဲ့ သတ်ဖြတ်နေသည့် ငါးမျှားချိတ်နှင့်တူသော တရားခြောက်မျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** **ကံဟောင်း** - မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်သည် ကံဟောင်းဖြစ်ပါသည်။

**ကံသစ်** - ကိုယ် နှုတ် စိတ်တို့ဖြင့် ယခုပြုအပ်သော တစုံတခုအမှုသည် ကံသစ်ဖြစ်ပါသည်။

**ယင်းနှစ်မျိုးတို့၏ချုပ်ကြောင်းအကျင့်** - အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပါသည်။

(မှန်ကန်စွာ - မြင်ခြင်း၊ ကြံခြင်း၊ ဆိုခြင်း၊ ပြုလုပ်ခြင်း၊ အသက်မွေးခြင်း၊ အားထုတ်ခြင်း၊ အောက်မေ့ခြင်း၊ တည်ကြည်ခြင်းတို့ဖြစ်ကြသည်။) (ပိုဒ်၊၁၄၆။ မြန်မာပြန် နှာ၊၃၄၀) ၂-မှတ်စီ ၆-မှတ်

**ငါးမျှားချိတ်နှင့်တူသောတရားခြောက်မျိုး** - အလိုရှိအပ်, နှစ်သက်အပ်, စိတ်နှလုံးကို ပွါးစေတတ်ကုန်, ချစ်ခင်ဖွယ်သဘောရှိကုန်, ကာမနှင့်စပ်ယှဉ်ကုန်, စွဲမက်အပ်ကုန်သော -

၁။ စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သောအဆင်း၊ ၂။ သောတဝိညာဏ်ဖြင့်ကြားအပ်ကုန်သောအသံ၊ ၃။ ဃာနဝိညာဏ်ဖြင့် နမ်းရှုအပ်ကုန်သော အနံ့၊ ၄။ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သောအရသာ၊ ၅။ ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော အတွေ့အထိ၊ ၆။ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော သဘောတရားတို့ဖြစ်ကြပါသည်။

(ပိုဒ်၊ ၂၃၀။ မြန်မာပြန် နှာ၊၃၆၄) ၄-မှတ်

၉။ ဂင်္ဂါမြစ်ကြော မျောနေသည့် သစ်တုံးကိုပြ ဆိုဆုံးမသည့် ဒေသနာလာ (က) ဤကမ်း၊ (ခ) ဟိုကမ်း၊ (ဂ) အလယ်မြုပ်၊ (ဃ) ကုန်းတင်၊ (င) လူဆယ်၊ (စ) နတ်ဆယ် စကားရပ်တို့၏ အဓိပ္ပါယ်ကို ရှင်းလင်းပြခဲ့ပါ။

**ဖြေ။** (က) အတွင်းတည်ရာ အဇ္ဈတ္တိကာယတန ခြောက်ပါးသည် ဤကမ်းဖြစ်ပါသည်။

(ခ) အပဖြစ်သောတည်ရာ ဗာဟိရာယတန ခြောက်ပါးသည် ဟိုဘက်ကမ်းဖြစ်ပါသည်။

(ဂ) နှစ်သက်စွဲမက်မှု 'နန္ဒီရာဂ'သည် အလယ်၌ နစ်မြုပ်ခြင်း မည်ပါသည်။

(ဃ) ငါဟူသော မာန်သည် ကုန်းတင်ခြင်းဖြစ်ပါသည်။ ၁-မှတ်စီ ၄-မှတ်

(င) လူတို့နှင့်ရောနှောသည့်ဖြစ်၍ နေ၏၊ အတူ နှစ်သက်မှု အတူ စိုးရိမ်မှု ရှိ၏၊ လူတို့ ချမ်းသာသော် ချမ်းသာ၏၊ လူတို့ ဆင်းရဲသော် ဆင်းရဲ၏၊ ပြုဖွယ်ကိစ္စတို့ ပေါ်ပေါက်လာကုန်သည်ရှိသော် မိမိသည်ပင် ထိုကိစ္စတို့၌ အားထုတ်ခြင်းသို့ရောက်၏၊ ဤသို့ဖြစ်မှုကို လူတို့ဆယ်ခြင်းဟုဆိုပါသည်။ ၃-မှတ်

(စ) ဤသာသနာတော်၌ အချို့ရဟန်းသည် 'ငါသည် ဤသီလ, ဤကျင့်ဝတ်, ဤခြိုးခြံမှုအကျင့်, ဤအကျင့်မြတ်ဖြင့်, ထင်ရှားသောနတ်, မထင်ရှားသောနတ် ဖြစ်ရလိမ့်မည်ဟု တခုခုသောနတ်အဖြစ်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် နတ်တို့ဆယ်ယူခြင်းဟုဆိုရပါသည်။ ၃-မှတ် (ပိုဒ်၊ ၂၄၁။ မြန်မာပြန် နှာ၊၃၈၃)

၁၀။ သံယောဇဉ်နှင့် သံယောဇနိယတို့ မတူ ထူးခြား ကွဲပြားပုံကို စိတ္တသူကြွယ် ပြဆိုသည့် ဥပမာဖြင့် ရှင်းလင်းဖော်ပြ၍၊ အတ္တ ရှိ, မရှိ အမေးကို ဘုရားရှင် အဖြေ မပေးခြင်း၏ အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ မတူ ထူးခြားကွဲပြားပုံ ဥပမာ - နွားနက်ကိုရင်း နွားဖြူကိုရင်း တချောင်းတည်းသော လျှော်ကြိုးဖြင့်ဖြစ်စေ သားရေကြိုးဖြင့်ဖြစ်စေ ချည်ထားကုန်ရာ၏၊

နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့တည်း၊ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့တည်းဟု ဤသို့ပြောဆိုသူသည် ကောင်းစွာပြောဆိုသည်မမည်၊

နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်၊ နွားဖြူသည်လည်း နွားနက်၏ အနှောင်အဖွဲ့မဟုတ်၊ ထိုနွားနှစ်ကောင်တို့ကို ချည်ထားသော တချောင်းတည်းသောလျှော်ကြိုး သို့မဟုတ် သားရေကြိုးသည်ပင် ထိုနွားနှစ်ကောင်တို့၌ အနှောင်အဖွဲ့ဖြစ်သကဲ့သို့။ ၂-မှတ်

ဤအတူ မျက်စိ နား နှာ လျှာ ကိုယ် စိတ်တို့သည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၏ အနှောင်အဖွဲ့ မဟုတ်၊

ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ အာရုံတို့သည်လည်း မျက်စိ နား နှာ လျှာ ကိုယ် စိတ်တို့၏ အနှောင်အဖွဲ့

မဟုတ်၊

ထိုနှစ်မျိုးစီကိုစွဲ၍ဖြစ်သော လိုချင်စွဲမက်မှု ဆန္ဒရာဂသည် ထိုနှစ်မျိုးစီတို့၌ အနှောင်အဖွဲ့ဖြစ်၏၊

[ **အချုပ်မှာ - လိုချင် စွဲမက်မှု ဆန္ဒ ရာဂ သည် သံယောဇဉ်၊** **၂-မှတ်**

သံယောဇဉ်ဖြစ်ဖို့အကြောင်း အာရုံဖြစ်သည့် မျက်စိ နား နှာ လျှာ ကိုယ် စိတ်၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မတို့သည် သံယောဇနိယ ဖြစ်၍ မတူ ထူးခြားကွဲပြားပါသည်။ **၂-မှတ်** ] (ပိုဒ်၊၃၄၃။ မြန်မာပြန် နှာ၊၄၇၀)

**အဖြေမပေးခြင်းအကြောင်း** - အတ္တ ရှိ၏ ဟုဖြေဆိုငြားအံ့ ထိုအဖြေသည် သဿတဝါဒ အယူရှိကြသည့် သမဏဗြာဟ္မဏတို့နှင့် အတူဖြစ်ရာ၏၊ **၁-မှတ်**

အတ္တ မရှိဟု ဖြေဆိုငြားအံ့ ထိုအဖြေသည် ဥစ္ဆေဒဝါဒအယူရှိကြသည့် သမဏဗြာဟ္မဏတို့နှင့် အတူဖြစ်ရာ၏၊ **၁-မှတ်**

အတ္တရှိ၏ ဟုဖြေလျှင် 'ခပ်သိမ်းသောတရားတို့သည် အနတ္တတို့တည်းဟု အသိဉာဏ် ဖြစ်ပေါ်ခြင်းငှာ မလျော်နိုင်ရာ'၊ **၁-မှတ်**

အတ္တမရှိဟုဖြေလျှင် တွေဝေနေသော ဝစ္ဆဂေါတ္တပရိဗိုဇ်အား ငါ့အား ရှေးက အတ္တဟူ၍ ရှိခဲ့လေယောင်တကား၊ ထိုအတ္တသည် ယခု မရှိတော့ဟု အလွန်တွေဝေခြင်းငှာ ဖြစ်ရာသောကြောင့်တည်း။

(ပိုဒ်၊၄၁၉။ မြန်မာပြန် နှာ၊၅၅၅) **၁-မှတ်**

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၄) သံယုတ္တနိကာယ

## ခန္ဓဝဂ္ဂ+သဠာယတနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်၊ (၂၂. ၆. ၂၀၁၆) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

မေး၁။ ရုပ် ဝေဒနာ-စသော ခန္ဓာငါးပါး၌ ငြီးငွေ့ခြင်းများသည် ဖြစ်၍ နေသော ရဟန်းအား အဆက်ဆက်သော ရလဒ်များကို အနုဓမ္မသုတ်တော်အရ ထုတ်ဖော်ပြ၍၊ သာဝတ္ထိမြို့တော်၌ ဘုရားရှင် ကျူးရင့်တော်မူသည့် ဥဒါန်းစကားတော်ကို ဥဒါနသုတ်တော်အရ ထုတ်ဖော်ပြခဲ့ပါ။

ဖြေ။ **အနုဓမ္မသုတ်တော်အရ** - ရုပ်၌ ဝေဒနာ၌ (ခန္ဓာငါးပါး၌) ငြီးငွေ့ခြင်းများ၍နေသော ရဟန်းသည် ရုပ်ကို၊ ခံစားမှု ဝေဒနာကို၊ မှတ်သားမှု သညာကို၊ ပြုပြင်မှု သင်္ခါရတို့ကို၊ ဝိညာဏ်ကို ပိုင်းခြား၍သိ၏။✔

ထိုရဟန်းသည် ရုပ်ကို၊ ခံစားမှု ဝေဒနာကို၊ မှတ်သားမှု သညာကို၊ ပြုပြင်မှု သင်္ခါရတို့ကို၊ ဝိညာဏ်ကို ပိုင်းခြားသိသော် ရုပ်မှ လွတ်၏၊ ဝေဒနာမှ လွတ်၏၊ သညာမှ လွတ်၏၊ သင်္ခါရတို့မှ လွတ်၏၊ ဝိညာဏ်မှ လွတ်၏၊✔ ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်၏၊ ဆင်းရဲအပေါင်းမှ လွတ်၏✔ ဟု ဘုရားရှင်ဟောတော်မူပါသည်။ **(၆-မှတ်)** (မြန်၊၃၃။ ပိုဒ်၊၃၉)

**ဥဒါန်းစကားတော်** - "ငါမည်သောတရားသည် အကယ်၍ မရှိငြားအံ့၊ ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ အကယ်၍ ပြုပြင်မှု ကမ္မာဘိသင်္ခါရ မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတံ့ဟု ဤသို့နှလုံးသွင်းသောရဟန်းသည် အောက်ပိုင်း သံယောဇဉ်တို့ကို ဖြတ်နိုင်ရာ၏'ဟု ကျူးရင့်တော်မူပါသည်။ (၄-မှတ်) (မြန်၊၄၄။ ပိုဒ်၊၅၅)

မေး၂။ ရဟန်းသံဃာကို နှင်ထုတ်ပြီးသော ဘုရားရှင်အား တစ်ပါးတည်း ကိန်းစဉ် ဖြစ်ပေါ်လာသော စိတ်အကြံကို ဥပမာနှင့်တကွ ရေးပြ၍၊ "ရုပ်သည် ငါ၏ ကိုယ် အတ္တ မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် ရှုရမည်"ဟု ဆိုရာ အရှုခံ ရုပ်အမျိုးအစားကိုလည်း ခွဲခြားပြခဲ့ပါ။

ဖြေ။ **ဖြစ်ပေါ်လာသော စိတ်အကြံ** - ငါသည် ရဟန်းသံဃာကို နှင်ထုတ်အပ်၏၊ ဤရဟန်း သံဃာ၌ ငယ်ကုန်သော ရဟန်းပြု၍မကြာသေးကုန်သော ဤသာသနာသို့ ယခုမှရောက်လာကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ထိုရဟန်းတို့သည် ငါဘုရားကို မမြင်ကြရသော် တမျိုးတမည်ဖြစ်ရာ၏ ဖောက်ပြန်ခြင်းဖြစ်ရာ၏၊ (၂-မှတ်)
ဥပမာ နုနယ်သော နွားကလေးသည် မိခင်ကို မမြင်ရသော် တမျိုးတမည်ဖြစ်ရာသကဲ့သို့ ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့၊ (၂-မှတ်)
ဥပမာတမျိုးသော်ကား နုသောမျိုးစေ့တို့သည် ရေကို မရကြသော် တမျိုးတမည်ဖြစ်ရာသကဲ့သို့ ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့၊ (၂-မှတ်)
ဤအတူ ရဟန်းသံဃာ၌ ငယ်ကုန်သော ရဟန်းပြု၍မကြာသေးကုန်သော ဤဓမ္မဝိနယ သာသနာတော်သို့ ယခုမှ ရောက်လာကုန်သော ရဟန်းတို့သည် ရှိသေးကုန်၏၊ ထိုရဟန်းတို့သည် ငါ့ကို မမြင်ကြရသော် တမျိုးတမည် ဖြစ်ရာ၏ ဖောက်ပြန်ခြင်း ဖြစ်ရာ၏၊
ငါသည် ရဟန်းသံဃာကို ရှေးအခါ ချီးမြှောက်သကဲ့သို့ ဤအတူ ယခုအခါ ချီးမြှောက်ရပါမူကောင်းလေစွဟု အကြံဖြစ်ပါသည်။ (၂-မှတ်) (မြန်၊၇၂။ ပိုဒ်၊၈၀)
**အရှုခံ ရုပ်အမျိုးအစား** - အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်၊ အတွင်းရုပ်၊ အပြင်ရုပ်၊ အကြမ်းရုပ်၊ အနုရုပ်၊ ယုတ်ညံ့သောရုပ်၊ မြတ်သောရုပ်၊ အဝေးရုပ်၊ အနီးရုပ်တို့ ဖြစ်ကြပါသည်။ (၂-မှတ်) (မြန်၊၁၀၂။ ပိုဒ်၊၉၁)

**မေး၃။** မမြဲဟူသောအမှတ် 'အနိစ္စသညာ'ကို ပွါးများ လေ့လာသဖြင့် ရရှိမည့်အကျိုးရလဒ်များကို 'နံ့သာ' ဥပမာများနှင့်တကွ ဖော်ပြ၍၊ အဝိဇ္ဇာ၏ သဘောတရားကို အရှင်သာရိပုတ္တရာမထေရ်က အရှင်မဟာ ကောဋ္ဌိကအား မိန့်ကြားသည့်အတိုင်း အဿာဒသုတ်တော်အရ ထုတ်ဖော်ပြခဲ့ပါ။

**ဖြေ။** **ရရှိမည့်အကျိုးရလာဘ်** - မမြဲသောအမှတ် အနိစ္စသညာကို ပွါးများအပ် လေ့လာအပ်သော် ကာမဂုဏ်တို့၌ စွဲမက်မှု'ရာဂ'အားလုံးကို ကုန်စေနိုင်၏၊ ရုပ်၌စွဲမက်မှု 'ရူပရာဂ'အားလုံးကို ကုန်စေနိုင်၏၊ ဘဝ၌စွဲမက်မှု 'ဘဝရာဂ'အားလုံးကို ကုန်စေနိုင်၏၊ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ ငါဟူသော မာနအားလုံးကို နုတ်ပယ်နိုင်၏။ **(၄-မှတ်)**

**နံ့သာ ဥပမာများ** - (က) အမြစ်နံ့သာအားလုံးတို့တွင် အကျော်နံ့သာကို အမြတ်ဆုံး၊

(ခ) အနံ့ နံ့သာအားလုံးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံး၊

(ဂ) အပွင်နံ့သာအားလုံးတို့တွင် မြတ်လေးပန်ကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့။

**(၃-မှတ်)** (မြန်၊၁၁၇-၈။ ပိုဒ်၊၁၀၂)

**အဝိဇ္ဇာ၏သဘောတရား** - ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်၏၊ ဝေဒနာ၏၊ သညာ၏၊ သင်္ခါရတို့၏၊ ဝိညာဏ်၏ သာယာဖွယ်ကိုလည်း၊ အပြစ်ကိုလည်း၊ ထွက်မြောက်မှုကိုလည်း၊ ဟုတ်တိုင်းမှန်စွာ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်ပါသည်။ **(၃-မှတ်)** (မြန်၊၁၃၃။ ပိုဒ်၊၁၂၉)

**မေး၄။** 'ကပ်ငြိမှု'၏ အဓိပ္ပာယ်ကို ရာဓသံယုတ် သတ္တသုတ်တော်အလို ပြဆို၍၊ အဘယ်တရားရှိလျှင် အဘယ်တရားကို အစွဲပြု၍ အဘယ်တရားကို အမှားနှလုံးသွင်း၍ လောကသည် မြဲ၏ဟူသော အယူ ဖြစ်ပါသနည်း? သဿတဒိဋ္ဌိသုတ်တော်အရ ဖော်ပြခဲ့ပါ။

**ဖြေ။** **ကပ်ငြိမှု ၏အဓိပ္ပာယ်** - ရုပ်၌၊ ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ ဝိညာဏ်၌ လိုချင်မှု'ဆန္ဒ'၊ စွဲမက်မှု'ရာဂ'၊ နှစ်သက်မှု'နန္ဒီ'၊ တပ်မက်မှု'တဏှာ'ကို ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၌ ကပ်ငြိတတ် အလွန်ကပ်ငြိတတ် သောကြောင့် 'ကပ်ငြိမှု'ဟု ဆိုအပ်ပါသည်။ **(၅-မှတ်)** (မြန်၊၁၄၆။ ပိုဒ်၊၁၆၁)

**လောကသည် မြဲ၏ဟူသောအယူသည်** - ရုပ်ရှိလျှင်၊ ဝေဒနာရှိလျှင်၊ သညာရှိလျှင်၊ သင်္ခါရတို့ရှိလျှင်၊ ဝိညာဏ်ရှိလျှင်၊ ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အစွဲပြု၍၊ ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အမှားနှလုံးသွင်း၍ လောကသည် မြဲ၏ဟူသော အယူဖြစ်ပါသည်။

**(၅-မှတ်)** (မြန်၊၁၆၆။ ပိုဒ်၊၂၁၄)

**မေး၅။** ဂန္ဓဗ္ဗနတ်အမျိုးအစားတို့ကို ရေတွက်ပြ၍၊ တစ်ရံတစ်ခါ မိုးရွာခြင်း၏ အကြောင်းကား အဘယ်ပါနည်း ဟူသောအမေးကို ဘုရားရှင် မည်သို့ဖြေဆိုသည်ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** **ဂန္ဓဗ္ဗနတ်အမျိုးအစားများ** - (က)အမြစ်နံ့သာ၌ အစိုးရသောနတ်၊ (ခ)အနှစ်နံ့သာ၌ အစိုးရသောနတ်၊ (ဂ)အကာနံ့သာ၌ အစိုးရသောနတ်၊ (ဃ)အခေါက်နံ့သာ၌ အစိုးရသောနတ်၊ (င)အပွေးနံ့သာ၌ အစိုးရသောနတ်၊ (စ)အရွက်နံ့သာ၌ အစိုးရသောနတ်၊ (ဆ)အပွင့်နံ့သာ၌ အစိုးရသောနတ်၊ (ဇ)အသီးနံ့သာ၌ အစိုးရသောနတ်၊ (ဈ)အရည်နံ့သာ၌ အစိုးရသောနတ်၊ (ည)အနံ့နံ့သာ၌ အစိုးရသော နတ်တို့ ဖြစ်ကြပါသည်။

**(၇-မှတ်)** (မြန်၊၂၀၁။ ပိုဒ်၊၄၃၈)

**ဘုရားရှင်ဖြေဆိုတော်မူပုံ** - မိုးရွာစေတတ်သော ဝလာဟကနတ်တို့ဟူ၍ ရှိကုန်၏၊ ထိုနတ်တို့အား အကြင်အခါ "ငါတို့သည် ကိုယ်ပိုင် မွေ့လျော်မှုဖြင့် နေကြရမူကောင်းလေစွ"ဟု ဤသို့သော စိတ်အကြံဖြစ်ပေါ်လာ၏၊ ထိုအခါ ထိုနတ်တို့၏ စိတ်တောင့်တမှုကို အကြောင်းပြု၍ မိုးရွာ၏၊

တရံတခါ မိုးရွာခြင်း၏အကြောင်းကား ဤသည်ပင်ဖြစ်ပါသည်။ **(၃-မှတ်)**(မြန်၊၂၀၈။ ပိုဒ်၊၆၀၆)

**မေး၆။** စိတ်၏သာယာဖွယ်, အပြစ်, ထွက်မြောက်ရာတို့ကို ဘုရားအလောင်းဖြစ်စဉ်က တွေးဆခဲ့သည့်အတိုင်း ပဌမပုဗ္ဗေသမ္ဗောဓသုတ်နှင့်အညီ ဖော်ပြ၍၊ အဒ္ဓဘူတသုတ်တော်၌ ဘုရားရှင် မိန့်တော်မူသော အနှိပ်စက်ခံတရားများတွင် ပဌမအစုနှင့် နှိပ်စက်တတ်သော တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** **ပဌမပုဗ္ဗေသမ္ဗောဓသုတ်နှင့်အညီ အဖြေ** - စိတ်ကိုစွဲ၍ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှုသည် စိတ်၏သာယာဖွယ်။

မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော စိတ်သည် စိတ်၏အပြစ်။

စိတ်၌ လိုချင်စွဲမက်မှု'ဆန္ဒရာဂ'ကို ဖျောက်ခြင်း ပယ်ခြင်းသည် စိတ်၏ထွက်မြောက်ရာ။

(၃-မှတ်) (မြန်၊၂၃၃။ ပိုဒ်၊၁၃)

**အဒ္ဓဘူတသုတ်တော်အရ အနှိပ်စက်ခံတရားများတွင် ပဥ္စမအစု -**

မျက်စိ၊ အဆင်း၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ။ (၃-မှတ်)

**နှိပ်စက်တတ်သောတရားများ -** ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့က နှိပ်စက်အပ်ပါသည်။ (၄-မှတ်) (မြန်၊၂၄၄။ ပိုဒ်၊၂၉)

မေး၇။ လောကနှင့် စပ်သည့် သိမှတ်ဖွယ်တို့ကို လောကပဥှာသုတ်တော်အရ အကျဉ်းချုပ် ထုတ်ဖော်ပြ၍၊ တစ်ယောက်တည်း ကိန်းအောင်းသော ရဟန်းတို့ ဟုတ်တိုင်းမှန်စွာ သိနိုင်သော အကြောင်းအရာတို့ကို အနှစ်ချုပ်ကာ ထုတ်ပြခဲ့ပါ။

ဖြေ။ **လောကပဥှာသုတ်တော်အရ လောကနှင့်စပ်၍ သိမှတ်ဖွယ်များ -** ပျက်စီးတတ်သောကြောင့် လောကဟု ဆိုအပ်သည်။ (၂-မှတ်)

မျက်စိ၊ အဆင်း၊ စက္ခုဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် ပျက်စီးတတ်၏၊

နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ သဘောတရား၊ မနောဝိညာဏ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် ပျက်စီးတတ်၏၊ ထိုသို့ပျက်စီးတတ်သောကြောင့် လောကဟု ဆိုအပ်ပါသည်။ (၂-မှတ်)(မြန်၊၂၇၁။ ပိုဒ်၊၈၂)

**ဟုတ်တိုင်းမှန်စွာသိနိုင်သောအကြောင်းအရာများ -** မျက်စိသည် မမြဲ၊ အဆင်းတို့သည် မမြဲကုန်၊ စက္ခုဝိညာဏ်သည် မမြဲ၊ စက္ခုသမ္ဖဿသည် မမြဲ၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသည် မမြဲ၊ (နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊) မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်ပါသည်။

(၆-မှတ်) (မြန်၊၂၉၅။ ပိုဒ်၊၁၀၀)

မေး၈။ ကာမဂုဏသုတ်တော်၌ ရဟန်းများက အရှင်အာနန္ဒာနှင့် ဆွေးနွေးမှုအကြောင်း ဘုရားရှင်ထံ လျှောက် ထားရာ ဘုရားရှင် ပြန်လည်မိန့်တော်မူချက်စကားရပ်ကို ဖော်ပြ၍၊ "ရဟန်းတို့ အတွင်းနေတပည့် မရှိဘဲ၊ ဆရာမရှိဘဲ၊ ဤအကျင့်မြတ်ကို ကျင့်သုံးနေအပ်၏"-ဟု မိန့်တော်မူရာ အတွင်းနေ တပည့်ရှိသူ၊ ဆရာရှိသူဟု ဆိုအပ်ရာ ရောက်ပုံတို့ကို ရှင်းလင်းဖော်ပြခဲ့ပါ။

ဖြေ။ **ပြန်လည်မိန့်တော်မူချက်စကားရပ် -** ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေ၏၊ ရဟန်းတို့ အာနန္ဒာသည် ပညာကြီးပေ၏၊ ရဟန်းတို့ သင်တို့သည် ငါဘုရားအား ဤအနက်အဓိပ္ပါယ်ကို မေးမြန်းကြမသ ငါဘုရားသည်လည်း အာနန္ဒဖြေကြားသကဲ့သို့ ထိုအနက်အဓိပ္ပါယ်ကို ဖြေဆိုရာ၏၊ ဤသည်ပင် ညွှန်ပြချက်၏အနက်အဓိပ္ပါယ်တည်း၊ ထိုအနက်အဓိပ္ပါယ်ကို မှန်ကြကုန်ရာ၏ဟု မိန့်တော်မူပါသည်။ (၆-မှတ်) (မြန်၊၃၁၄။ ပိုဒ်၊၁၁၈)

**အဓိပ္ပါယ်ရှင်းချက် -** ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌နေကုန်၏၊

ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌နေကုန်သောကြောင့် အတွင်းနေ တပည့်ရှိသူဟု ဆိုအပ်ပါသည်။ (၂-မှတ်)

အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်သောကြောင့် ဆရာရှိသူဟု ဆိုအပ်ပါသည်။(၂-မှတ်)(မြန်၊၃၄၃။ ပိုဒ်၊၁၅၁)

မေး၉။ မာရ်နတ်၏ ငါးများချိတ်ကို မျိုမိသည်နှင့် တူပုံကို သိသာရုံမျှ ဖော်ပြ၍၊ တံခါးခြောက်ပေါက်ရှိသော အစွန်အဖျားမြို့ ဥပမာပြု ဟောရာ၌ “မြို့”နှင့် “တံခါးခြောက်ပေါက်”၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **မာရ်နတ်၏ ငါးများချိပ်ကို မျိုမိသည်နှင့်တူပုံ သိသာရုံ** - အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘော ရှိကုန်သော ကာမနှင့်စပ်ယှဉ်အပ်ကုန်သော စွဲမက်အပ်ကုန်သော <u>စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို</u> ရဟန်းသည် အလွန်နှစ်သက်ခဲ့မူ စွဲလမ်းခဲ့မူ လွှမ်းမိုး၍တည်ခဲ့မူ ဤရဟန်းကို မာရ်နတ်၏ ငါးများချိပ်ကို မျိုမိသည်ဖြစ်၍ အကျိုးမဲ့သို့ရောက်သူ ပျက်စီးခြင်းသို့ရောက်သူ မာရ်မင်းအလိုရှိတိုင်း အပြုခံရသူဟု ဆိုအပ်ပါသည်။ (၅-မှတ်)

(အာရုံငါးမျိုး နည်းတူ သိသာရုံမျှဖြစ်သည်) (မြန်၊၃၆၄။ ပိုဒ်၊၂၃၀)

**‘မြို့’အဓိပ္ပါယ်** - မြို့ ဟူသောအမည်သည် အမိအဖတို့၏ သုက်သွေးကို မှီ၍ဖြစ်သော, ထမင်း မုယောမုံ့တို့ဖြင့် ကြီးပွါးရသော, မမြဲခြင်း လိမ်းကျံရခြင်း ဆုပ်နယ်ရခြင်း ပြိုကွဲပျက်စီးခြင်း သဘောရှိသော မဟာဘုတ်လေးပါးကို မှီ၍ဖြစ်သော ဤကိုယ်၏အမည်ဖြစ်ပါသည်။ (၃-မှတ်)

**‘တံခါးခြောက်ပေါက်’အဓိပ္ပါယ်** - တံခါးခြောက်ပေါက် ဟူသောအမည်သည် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အမည်ဖြစ်ပါသည်။ (၂-မှတ်) (မြန်၊၃၉၃-၄။ ပိုဒ်၊၂၄၅)

မေး၁၀။ မောဂ္ဂလ္လာနသံယုတ်တွင် လာရှိသည့် ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ကောင်း၏ဟု အရှင်မောဂ္ဂလာန် မိန့်ဆိုမှုပြုသည်ကို နာယူကြသည့် နတ်အမည်များကိုသာ ရေတွက်ပြ၍၊ ‘ကြမ်းတမ်းသူ ကြမ်းတမ်းသူ’ဟု ခေါ်ဝေါ်မှု၏ အကြောင်း အထောက်အပံ့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **နတ်အမည်များ** - (က) နတ်တို့အရှင် သိကြားမင်း၊ (မြန်၊၄၅၇။ ပိုဒ်၊၃၄၁)

(ခ) စန္ဒနနတ်သား၊ (ဂ) သုယာမနတ်သား၊ (ဃ) သန္တုသိတနတ်သား၊ (င) သုနိမ္မိတနတ်သား၊ (စ) ဝသဝတ္တိနတ်သား။

(၅-မှတ်) (မြန်၊၄၆၈။ ပိုဒ်၊၃၄၂)

**‘ကြမ်းတမ်းသူ’ဟုခေါ်ဝေါ်မှု၏အကြောင်း အထောက်အပံ့** - ဤလောက၌ အချို့သူသည် စွဲမက်မှု‘ရာဂ’၊ အမျက်‘ဒေါသ’၊ တွေဝေမှု‘မောဟ’ကို မပယ်အပ်သည်၏အဖြစ်ကြောင့် သူတပါးတို့က အမျက်ထွက်စေအပ်သော် အမျက်ကို ထင်စွာပြု၏၊ ထိုသူကို ‘ကြမ်းတမ်းသူ’ဟု ခေါ်ဝေါ်ကြပါသည်။ (မြန်၊၄၈၇။ ပိုဒ်၊၃၅၃)

ရာဂ ဒေါသ မောဟကို မပယ်အပ်သည်၏အဖြစ်ကြောင့် ‘ကြမ်းတမ်းသူ’ဟု ခေါ်ဝေါ်ကြပါသည်။ (၅-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**ခန္ဓဝဂ္ဂ+သဠာယတနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်၊ (၁၃. ၆. ၂၀၁၇) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••••

၁-မေး။ ဘာရသုတ်လာ ဝန်နှင့် ဝန်ယူရကြောင်း အဓိပ္ပာယ်တို့ကို ရေး၍၊ ရုပ်၏အပြစ်ကိုလည်း အဿာဒသုတ်အလိုကျ ရေးပြပါ။

ဖြေ။ **ဝန်၏အဓိပ္ပာယ်** - ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ၊ သညာဟူသော ဥပါဒါနက္ခန္ဓာ၊ သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့ဖြစ်ကြပါသည်။
**(၃-မှတ်) (နှာ-၂၁။ ဘာရသုတ်)**

**ဝန်ယူကြောင်းအဓိပ္ပာယ်** - ကာမ၌တပ်မက်မှု၊ ဘဝ၌တပ်မက်မှု၊ ဘဝပြတ်ခြင်း၌ တပ်မက်မှုဟူသော ဘဝသစ်ကိုဖြစ်စေနိုင်သော နှစ်သက်စွဲမက်မှုနှင့်တကွဖြစ်သော ထိုထိုဘဝဖြစ်ရာ အာရုံတို့ကို နှစ်သက်တတ်သော တဏှာဖြစ်ပါသည်။ **(၄-မှတ်) (နှာ-၂၁။ ဘာရသုတ်)**

**ရုပ်၏အပြစ်** - ရုပ်၏ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောသည် ရုပ်၏ အပြစ်ဖြစ်ပါသည်။ **(၃-မှတ်) (နှာ-၂၃။ အဿာဒသုတ်)**

•••••••••••••••••••••••••••••••••••••••

၂-မေး။ သမဏဟု မခေါ် ထိုက်သူကို ခန္ဓာတစ်ပါးဖြင့်သာ ချိန်ဆဖော်ပြ၍၊ သိကြား ဗြဟ္မာ ပဇာပတိနတ်မင်းတို့၏ ဘုရားရှိခိုးကိုလည်း ရေးပြပါ။

ဖြေ။ **သမဏ ဟုမခေါ်ဆိုထိုက်သူ** - ရုပ်ကို မသိကုန်၊ ရုပ်ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ရုပ်ချုပ်ရာကို မသိကုန်၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊

(မှတ်ချက်) အခြား ခန္ဓာတစ်ပါးအမည်ဖြင့်လည်း ဖြေနိုင်သည်။
**(၄-မှတ်) (နှာ-၄၀။ ဒုတိယသောဏသုတ်)**

**ဘုရားရှိခိုး** - ယောက်ျားအာဇာနည်ဖြစ်တော်မူသောမြတ်စွာဘုရား၊ အသျှင်ဘုရားအား ရှိခိုးပါ၏၊

ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ အသျှင်ဘုရားအား ရှိခိုးပါ၏၊

အသျှင်ဘုရားနှင့် အသျှင်ဘုရားကို မှီ၍ ရှုသော တရားကိုကား မသိပါကုန်။
**(၆-မှတ်) (နှာ-၇၁။ ခဇ္ဇနီယသုတ်)**

၃-မေး။ အရှင်ဆန္နရဟန်းက မထေရ်မြတ်တို့ထံ ဩဝါဒတောင်းခံပုံကို ရေး၍၊ ဝိဇ္ဇာသုတ်လာ ရဟန်းတစ်ပါးက မြတ်ဗုဒ္ဓအား လျှောက်ထားပုံကို ရေးပြပြီးလျှင်၊ အရဟန္တသုတ်အရ နာယူသူ, ဟောကြားသူတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ **ဩဝါဒတောင်းခံပုံ** - အသျှင်မထေရ်တို့သည် တပည့်တော်ကို ဆုံးမကြပါလော၊ အသျှင်မထေရ်တို့သည် တပည့်တော်ကို ကံမြစ်ကြပါလော၊ တပည့်တော်သိနိုင်မည့် အခြင်းအရာအားဖြင့် အသျှင်မထေရ်တို့သည် တပည့်တော်အား တရားစကားကို ပြကြပါကုန်လော၊

(၄-မှတ်)(နှာ-၁၀၁။ ဆန္နသုတ်)

**လျှောက်ထားပုံ** - အရှင်ဘုရား ဝိဇ္ဇာ ဝိဇ္ဇာဟုဆိုအပ်ပါ၏၊ အဘယ်သည် ဝိဇ္ဇာပါနည်း၊ အသျှင်ဘုရား အဘယ်မျှဖြင့် ဝိဇ္ဇာသို့ရောက်သူဖြစ်ပါသနည်း၊ (၃-မှတ်) (နှာ-၁၂၃။ ဝိဇ္ဇာသုတ်)

**နာယူသူ** - အသျှင်ရာဓ

**ဟောကြားသူ** - မြတ်စွာဘုရား။ (၃-မှတ်) (နှာ-၁၄၉။ အရဟန္တသုတ်)

၄-မေး။ ရုပ်ကို အမှားနှလုံးသွင်းလျှင် ဖြစ်ပေါ်လာနိုင်သော အယူတို့ကို ဝါတသုတ်အလိုကျ ရေးပြ၍၊ စိတ်၏ ဖောက်ပြန်တတ်မှုသဘောကို ယုံကြည်သက်ဝင်သူအား မည်သို့ခေါ်ဆိုထိုက်သည်ကိုလည်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ **ဖြစ်ပေါ်လာနိုင်သော အယူ** - လေတို့သည် မတိုက်ကုန်၊ မြစ်တို့သည် မစီးကုန်၊ ကိုယ်ဝန်ဆောင်တို့သည် မဖွားကုန်၊ လ, နေတို့သည် မထွက်ကုန်, မဝင်ကုန်၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏။ (၅-မှတ်) (နှာ-၁၅၇။ ဝါတသုတ်)

**ခေါ်ဆိုထိုက်ပုံ** - သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်မပြန်သည်၏အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရဘဲ သေခြင်းငှါလည်း မထိုက်သူ။ (၅-မှတ်) (နှာ-၁၇၇။ စက္ခုသုတ်)

၅-မေး။ အောက်သို့ ငုံ့၍စားသော သမဏ၊ အထက်သို့ မော့၍စားသော သမဏတို့၏ အဓိပ္ပာယ်တို့ကို ရှင်းပြ၍၊ ဂဗ္ဘုန်မျိုးတို့ကိုလည်း ရေတွက်ပြပါ။

ဖြေ။ **အောက်သို့ ငုံ့၍စားသော သမဏ** - မြေကြီးအတတ်ဟူသော မဂ်ဖိုလ်မှဖီလာ အတတ်ဖြင့် မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးသော သမဏဖြစ်ပါသည်။ (၃-မှတ်)

**အထက်သို့ မော့၍ စားသော သမဏ** - နက္ခတ်အတတ်ဟူသော မဂ်ဖိုလ်မှဖီလာ အတတ်ဖြင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မွေးသော သမဏဖြစ်ပါသည်။

(၃-မှတ်) (နှာ-၁၉၁။ သုစိမုခီသုတ်)

**ဂဗ္ဘုန်မျိုး** - ဥ၌ဖြစ်သော အဏ္ဍဇဂဗ္ဘုန်၊ သားအိမ်၌ဖြစ်သော ဇလာဗုဇဂဗ္ဘုန်၊ အညစ်အကြေးတို့၌ ဖြစ်သော သံသေဒဇဂဗ္ဘုန်၊ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကဂဗ္ဘုန်။

(၄-မှတ်) (နှာ-၁၉၈။ သုဒ္ဓိကသုတ်)

၆-မေး။ အရှင်သာရိပုတ္တရာဖြေကြားသော သူတပည့် လူထွက်ခြင်းအကြောင်းကို အကျဉ်းမျှဖြေဆို၍၊ အရှင်ရာဟုလာအား တရားဟောရာအရပ်နှင့် ထိုအရပ်သို့ နတ်တို့ လိုက်ခြင်းအကြောင်းတို့ကိုလည်း ရေးပါ။

ဖြေ။ **လူထွက်ခြင်းအကြောင်း** - ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသည်ဖြစ်၍၊ အစားအစာတို့၌ ပမာဏကို မသိဘဲ၊ နိုးကြားမှု၌ အားမထုတ်သောသူအား၊ (ဤအတိုင်းပင်ဖြစ်တတ်၏၊ လူထွက်တတ်ပါသည်) (၄-မှတ်) (**နှာ-၃၁၆။ သာရိပုတ္တသဒ္ဒိဝိဟာရိကသုတ်**)

**တရားဟောရာအရပ်** - အန္ဓဝန်တောအုပ် (တစ်ခုသောသစ်ပင်ရင်း)

**မှတ်ချက်။** အန္ဓဝန်တောအုပ်ဆိုလည်း အမှတ်ပြည့်ပေးရန်၊

(၃-မှတ်) (**နှာ-၃၁၈။ ရာဟုလောဝါဒသုတ်**)

**နတ်တို့လိုက်ခြင်းအကြောင်း** - ယနေ့ မြတ်စွာဘုရားသည် အသျှင်ရာဟုလာကို အထက်ဖြစ်သော အာသဝေါတရားကုန်ခြင်း၌ ဆုံးမလတ္တံ့ဟု ကြံ၍

(၃-မှတ်) (**နှာ-၃၁၈။ ရာဟုလောဝါဒသုတ်**)

၇-မေး။ ရဟန်းတို့၏ ဥစ္စာမဟုတ်သော အရာတို့ကိုဖော်ပြ၍၊ ကိမတ္ထိယဗြဟ္မစရိယသုတ်လာ သာသနာပြင်ပ အယူရှိသူတို့၏ ပထမအမေးနှင့် ရဟန်းတို့၏ ပဌမအဖြေကိုလည်း ဖော်ပြပါ။

ဖြေ။ **ဥစ္စာမဟုတ်သော တရား** - မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။

(၄-မှတ်) (**နှာ-၃၃၆။ ပဌမ နတုမှာကသုတ်**)

**အမေး** - ငါ့သျှင်တို့ အဘယ်အကျိုးငှါ ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်သနည်း၊

(၃-မှတ်)

**အဖြေ** - ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍သိခြင်းငှါ မြတ်စွာဘုရားအထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏။ (၃-မှတ်) (**နှာ-၃၄၄။ ကိမတ္ထိယဗြဟ္မစရိယသုတ်**)

၈-မေး။ သာသနာတွင်း သမုဒ္ဒရာနှစ်စင်းကို ပဌမသမုဒ္ဒ၊ ဒုတိယသမုဒ္ဒသုတ်တို့အလိုကျ ရှေ့တစ်ခုစီမျှ ဖော်ပြ၍၊ ငါးမျှားချိတ်ခြောက်မျိုးတို့ကိုလည်း လိုရင်းအကျဉ်းမျှ ဖော်ပြပါ။

ဖြေ။ **ပဌမသမုဒ္ဒသုတ်အလို** - မျက်စိသည် သတ္တဝါ၏ သမုဒ္ဒရာ။

**ဒုတိယသမုဒ္ဒသုတ်အလို** - စက္ခုဝိညာဏ်ဖြင့်မြင်အပ်သောအဆင်း။

(၄-မှတ်) (**နှာ-၃၆၃။ ပဌမ၊ ဒုတိယ သမုဒ္ဒသုတ်**)

**ငါးမျှားချိတ်** - စက္ခုဝိညာဏ်ဖြင့် မြင်အပ်သောအဆင်း၊
သောတဝိညာဏ်ဖြင့် ကြားအပ်သော အသံ၊
ဃာနဝိညာဏ်ဖြင့် ရှူအပ်သော အနံ့၊
ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်သော အရသာ၊
ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်သော အတွေ့အထိ၊
မနောဝိညာဏ်ဖြင့် သိအပ်သော သဘောတရား။ (၆-မှတ်) (**နှာ-၃၆၄။ ဗာဠိသိကောပမသုတ်**)

၉-မေး။ နိရာမိသသုတ်လာ ပီတိသုံးမျိုး၊ သုခသုံးမျိုးတို့ကို အကျဉ်းမျှရေးပြ၍၊ သက္ကသုတ်လာ အရှင်မဟာမောဂ္ဂလာန် တာဝတိံသာနတ်ပြည်ကြွပုံကိုလည်း ရေးပါ။

ဖြေ။ **ပီတိသုံးမျိုး** - ကိလေသာအာမိသရှိသော ပီတိ၊

ကိလေသာအာမိသ မရှိသော ပီတိ၊

ကိလေသာအာမိသ မရှိသည်ထက်သာ၍ကိလေသာအာမိသမရှိသော ပီတိ။

(၃-မှတ်) (နှာ-၄၂၈။ နိရာမိသသုတ်)

**သုခသုံးမျိုး** - ကိလေသာ အာမိသရှိသော သုခ၊

ကိလေသာအာမိသ မရှိသော သုခ၊

ကိလေသာအာမိသ မရှိသည်ထက်သာ၍ ကိလေသာအာမိသမရှိသော သုခ၊

(၃-မှတ်) (နှာ-၄၂၈။ နိရာမိသသုတ်)

**နတ်ပြည်ကြွပုံ** - အားရှိသောယောကျ်ားသည် ကွေးအပ်သောလက်မောင်းကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်အပ်သော လက်မောင်းကို ကွေးသကဲ့သို့လည်းကောင်း၊ ဤအတူ ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ထင်ရှားဖြစ်၏။

(၄-မှတ်) (နှာ-၄၅၇။ သက္ကသုတ်)

---

၁၀-မေး။ ပရဇိတဟူသော အမည်သည် အဘယ်၏ အမည်ဖြစ်ပါသနည်း ဖြေဆို၍၊ စစ်ဗိုလ်မှူး ငိုရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

ဖြေ။ **အမည်** - ပရဇိတအမည်သည် ငရဲအမည်ဖြစ်ပါသည်။ (၄-မှတ်) (နှာ-၄၉၀။ ယောဓာဇီဝသုတ်)

**ငိုရခြင်းအကြောင်း** - စစ်မြေပြင်၌ အားထုတ်ကြိုးစား တိုက်ခိုက်နေစဉ် တစ်ဖက်စစ်သည်တို့က ညှဉ်းဆဲသတ်ဖြတ်ခံရသော စစ်သည်သူရဲသည် ခန္ဓာပျက်ကြွေသေပြီးသည်မှ နောက်၌ ပရဇိတမည်သော နတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်ရ၏ဟု ရှေးဆရာ စစ်သည်သူရဲတို့သည် အချိန်ကြာမြင့်စွာကပင် ကောက်ကျစ် လှည့်ပတ်ဖြားယောင်းအပ်သောကြောင့် = ။

(၆-မှတ်) (နှာ-၄၉၀။ ယောဓာဇီဝသုတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) သံယုတ္တနိကာယ

## ခန္ဓဝဂ္ဂ+သဠာယတနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလ္ဆန်း (၇) ရက်၊ (၁၉.၆.၂၀၁၈) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)
+ + + + +

**မေး ၁။** အရှင်မဟာကစ္စည်း အကျယ်မိန့်ကြားသည့် 'ရွာ၌ အကျွမ်းဝင်မှုရှိသူ ဖြစ်ပုံ'ကို ဖော်ပြ၍၊ သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ကိုလည်း ပဋိပဒါသုတ်မိန့်ဆိုချက်အရ ဖော်ပြခဲ့ပါ။

**ဖြေ ၁။ ရွာ၌ အကျွမ်းဝင်မှုရှိသူ ဖြစ်ပုံ** - ဤလောက၌ အချို့သူသည် လူတို့နှင့် ပေါင်းသင်း၍ နေ၏၊ တကွနှစ်သက်ခြင်းရှိ၏၊ တကွ စိုးရိမ်ခြင်းရှိ၏၊ လူတို့ ချမ်းသာကြသော် ချမ်းသာ၏၊ လူတို့ ဆင်းရဲကြသော် ဆင်းရဲ၏၊ ကိစ္စကြီးငယ်တို့ ဖြစ်လာကုန်သော် ထိုကိစ္စကြီးငယ်တို့၌ ကိုယ်တိုင် အားထုတ်ခြင်းသို့ ရောက်၏၊ ဤသို့လျှင် ရွာ၌ အကျွမ်းဝင်မှုရှိသူဖြစ်၏။ (နာ-၉)

**သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်** - [ဤလောက၌ အကြားအမြင်ရှိသော၊ အရိယာ တို့ကို ဖူးမြင်ဖူးသော၊ အရိယာတရား၌ လိမ္မာသော၊ အရိယာတရား၌ ယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်ဖူးသော၊ သူတော်ကောင်းတရား၌ လိမ္မာသော၊ သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာ တပည့်သည်]

ရုပ်ကို အတ္တ-ဟူ၍ မရှု၊ ရုပ်ရှိသော အတ္တ-ဟူ၍သော်ငင်း၊ အတ္တ၌ ရုပ်-ဟူ၍သော်ငင်း၊ ရုပ်၌ အတ္တ-ဟူ၍သော်ငင်း မရှု။

ဝေဒနာကို-။ သညာ-။ သင်္ခါရကို-။

ဝိညာဏ်ကို အတ္တ-ဟူ၍ မရှု၊ ဝိညာဏ်ရှိသော အတ္တ-ဟူ၍သော်ငင်း၊ အတ္တ၌ ဝိညာဏ်-ဟူ၍သော်ငင်း၊ ဝိညာဏ်၌ အတ္တ-ဟူ၍သော်ငင်း မရှု။

ရဟန်းတို့.. ဤရဟန်းကို သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်-ဟူ၍ ဆိုအပ်၏။ (နာ-၃၆)

**မေး ၂။** ခဇ္ဇနီယသုတ်အရ သိကြား၊ ဗြဟ္မာ၊ ပဇာပတိနတ်မင်းနှင့်တကွသော နတ်တို့ အဝေးမှပင် ရှိခိုးကြပုံကို ရေးပြ၍၊ ယမကရဟန်း၏ ယုတ်မာသော အယူဖြစ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ ၂။ အဝေးမှပင် ရှိခိုးကြပုံ** - ,ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား.. အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား.. အရှင်ဘုရားအား ရှိခိုးပါ၏။

**ဘုရားရှိခိုး** - ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား.. အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား.. အရှင်ဘုရားအား ရှိခိုးပါ၏။ အရှင်ဘုရားနှင့် အရှင်ဘုရားကို မှီ၍ ရှုသော တရားကိုကား မသိပါကုန်-ဟု ရှိခိုးကုန်၏။ (နာ-၇၁)

**ယုတ်မာသော အယူဖြစ်ပုံ** - အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျောက်၏၊ သေသည်မှနောက်၌ မဖြစ်၊ ထိုသို့သောအခြင်းအရာအားဖြင့် မြတ်စွာဘုရားဟောတော် မူသော တရားကို ငါသိ၏-ဟု ယုတ်မာသောအယူ ဖြစ်ပေါ်ပါသည်။ (နာ- ၈၄)

မေး ၃။ သံသရာ၏ အစ မရှိပုံကို ဂဒ္ဒုလဗဒ္ဓသုတ်အရ ဥပမာရေးပြ၍၊ အရှင်သာရိပုတ္တာက အရှင်မဟာကောဋ္ဌိကအား ဖြေဆိုသည့် အဝိဇ္ဇာ၏ အဓိပ္ပာယ်ကို အဿာဒသုတ်တော်အရ ဖော်ပြခဲ့ပါ။

ဖြေ ၃။ ဂဒ္ဒုလဗဒ္ဓသုတ်အရ ဥပမာ - တောက်ဖြင့် နှောင်ဖွဲ့၍ မြဲသော ငုတ်၌ဖြစ်စေ၊ တိုင်၌ဖြစ်စေ၊ ကပ်ချည်ထားသော ခွေးသည် ထိုငုတ်ကို ဖြစ်စေ၊ တိုင်ကိုဖြစ်စေ ရစ်ပတ်၍ ပြေးရာ၏ လှည့်လည်ရာ၏။ (နှာ-၁၁၃)

အဿာဒသုတ်တော်အရ - ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်၏ သာယာဖွယ်ကိုဋ္ဌင်း၊ အပြစ်ကိုဋ္ဌင်း၊ ထွက်မြောက်မှုကိုဋ္ဌင်း ဟုတ်တိုင်းမှန်စွာ မသိ။

ဝေဒနာ၏-။ သညာ-။ သင်္ခါရ၏-။

ဝိညာဏ်၏ သာယာဖွယ်ကိုဋ္ဌင်း၊ အပြစ်ကိုဋ္ဌင်း၊ ထွက်မြောက်မှုကိုဋ္ဌင်း ဟုတ်တိုင်းမှန်စွာ မသိ။ ငါ့ရှင် ဤသည်ကို အဝိဇ္ဇာ-ဟု ဆိုအပ်၏-ဟု ဖြေပါသည်။ (နှာ-၁၃၃)

မေး ၄။ အရှင်ရာဓအား ဘုရားရှင် မိန့်ကြားသည့် 'သေခြင်းသဘော'၏ အဓိပ္ပာယ်ကို ဖော်ပြ၍၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရဘဲ သေခြင်းငှာ မထိုက်သူဟု ဆိုနိုင်သော ပုဂ္ဂိုလ်ကို ဩက္ကန္တသံယုတ် စက္ခုသုတ်တော်အရ ထုတ်ဖော်ပြခဲ့ပါ။

ဖြေ ၄။ သေခြင်းသဘောအဓိပ္ပာယ် - ရာဓ.. ရုပ်သည် သေခြင်းသဘောတည်း၊ ဝေဒနာသည် သေခြင်း သဘောတည်း၊ သညာသည် သေခြင်းသဘောတည်း၊ သင်္ခါရတို့သည် သေခြင်းသဘောတည်း၊ ဝိညာဏ်သည် သေခြင်းသဘောတည်း။ (နှာ- ၁၅၁)

စက္ခုသုတ်တော်အရ - ရဟန်းတို့.. မျက်စိသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏၊ နားသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏၊ နှာခေါင်းသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏၊ လျှာသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏၊ ကိုယ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏၊ စိတ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏။ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူ ဖြစ်ပါသည်။ (နှာ-၁၇၇)

မေး ၅။ ဝလာဟကနတ်မျိုးများကို ဝလာဟကသံယုတ်မှ ထုတ်နုတ်ပြ၍၊ ဈာန်ရသူလေးမျိုးတို့ကိုလည်း ဈာနသံယုတ်မှ ထုတ်နုတ်ပြပြီး၊ အမြတ်ဆုံးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ၅။ ဝလာဟကနတ်မျိုးများ - အအေးကို ပြုတတ်သော ဝလာဟကနတ်၊ အပူကို ပြုတတ်သော ဝလာဟကနတ်၊ ဆီးနှင်းကျစေတတ်သော ဝလာဟကနတ်၊ လေကို တိုက်ခတ်စေတတ်သော ဝလာဟကနတ်၊ မိုးကို ရွာစေတတ်သော ဝလာဟကနတ်။ (နှာ- ၂၀၅)

ဈာန်ရသူ လေးမျိုး - (၁) အချို့သော ဈာန်ရသူသည် ဈာန်၌သာ လိမ္မာ၏၊ ဈာန်ဝင်စားမှု၌ မလိမ္မာ။ (၂) အချို့သော ဈာန်ရသူသည် ဈာန်ဝင်စားမှု၌သာ လိမ္မာ၏၊ ဈာန်၌ မလိမ္မာ။ (၃) အချို့သော ဈာန်ရသူသည် ဈာန်၌လည်း မလိမ္မာ၊ ဈာန်ဝင်စားမှု၌လည်း မလိမ္မာ။ (၄) အချို့သော ဈာန်ရသူသည် ဈာန်၌လည်း လိမ္မာ၏၊ ဈာန်ဝင်စားမှု၌လည်း လိမ္မာ၏။

ထိုလေးမျိုးတို့တွင် ဈာန်၌လည်း လိမ္မာ၊ ဈာန်ဝင်စားမှု၌လည်း လိမ္မာသော သူသည် အမြတ်ဆုံး ဖြစ်ပါသည်။ (နှာ- ၂၁၅)

မေး ၆။ "အလုံးစုံ"ဟု ဆိုအပ်သော တရားကို ဘုရားရှင် ဟောတော်မူသည့်အတိုင်း အချုပ်အားဖြင့် ရေးပြ၍၊ ထိုအလုံးစုံဟု ဆိုအပ်သော တရားကို ပယ်စွန့်၍ ရ/မရ အကြောင်း အကျိုးဆက်စပ်ပြပြီး၊ အဆင်းနှင့် စပ်၍ အဝိဇ္ဇာပျောက်ပုံ ဝိဇ္ဇာဖြစ်ပုံ ခွဲခြားပြပါ။

ဖြေ ၆။ "အလုံးစုံ"ဟု ဆိုအပ်သော တရား - မျက်စိနှင့် အဆင်းတို့၊ နားနှင့် အသံတို့၊ နှာခေါင်းနှင့် အနံ့တို့၊ လျှာနှင့် အရသာတို့၊ ကိုယ်နှင့် အတွေ့အထိတို့၊ စိတ်နှင့် သဘောတရားတို့ ဖြစ်ကြသည်။

ထိုအလုံးစုံ-ဟု ဆိုအပ်သော တရားတို့ကို "အရာမဟုတ်သောကြောင့်" ပယ်စွန့်၍ မရပါ။

ဤအလုံးစုံကို ပယ်စွန့်၍ တပါးသော အလုံးစုံကို ပညတ်မည်-ဟု တစ်ဦးတစ်ယောက်က ဆိုခဲ့ပါလျှင် ထိုသူ၏စကားသည် အပြောမျှသာ ဖြစ်ရာ၏၊ မေးသည်ရှိသော်ကား အပြည့်အစုံ မဖြေဆိုနိုင်ရုံသာမက ပင်ပန်းခြင်းသို့လည်း ရောက်ရာပါသည်။ (နှာ- ၂၃၉)

အဆင်းနှင့် စပ်၍ - အဆင်းတို့ကို မမြဲ-ဟူ၍ သိသူ မြင်သူအား မသိမှု အဝိဇ္ဇာ ပျောက်ကင်းနိုင်ပါသည်၊ သိမှု ဝိဇ္ဇာ ပေါ်ပေါက်နိုင်ပါသည်။ (နှာ- ၂၅၁)

မေး ၇။ ကြမ်းတမ်းခက်ထန်ကုန်သည့် သုနာပရန္တတိုင်းသား လူအများတို့က ဆဲရေးကြသော် အဘယ် သို့ ဖြစ်မည်နည်း?ဟူသော ဘုရားရှင်အမေးတော်ကို အရှင်ပုဏ္ဏဖြေဆိုပုံကို ရေးပြ၍၊ တစ်ယောက်တည်း ကိန်းအောင်းသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏-ဟု ဆိုတော်မူရာ ဟုတ်တိုင်း မှန်စွာ သိပုံ တစ်စုံကိုမျှ ပြည့်စုံအောင် ထုတ်ပြခဲ့ပါ။

ဖြေ ၇။ အရှင်ပုဏ္ဏ ဖြေဆိုပုံ - တပည့်တော်အား သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ဆဲရေးကြ ရေရွတ်ကြကုန်မူ တပည့်တော်၏စိတ်သည် "ဤသုနာပရန္တတိုင်းသားဖြစ်သောလူတို့သည် ကောင်းကြပေစွတကား၊ ဤသုနာပရန္တတိုင်းသားဖြစ်သောလူတို့သည် အလွန်ကောင်းကြပေစွတကား၊ ယင်းသို့ကောင်းကြပေသောကြောင့် ငါ့အား ဤလူတို့သည် လက်ဖြင့် ပုတ်ခတ်မှုကို မပေးကြကုန် သေး"ဟု တပည့်တော်စိတ်ဖြစ်ပါမည် ဟုဖြေပါသည်။ (နှာ၊၂၇၈)

သိပုံတစ်ခုမျှ - မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ အဆင်းတို့သည် မမြဲကုန်ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ စက္ခုဝိညာဏ်သည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ စက္ခုသမ္ဖဿသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိနိုင်ပါသည်။ (နှာ၊၂၉၅)

မေး ၈။ သဠာယတနသံယုတ် ဂဟပတိဝဂ် နာဠန္ဒသုတ်တော် ဟောတော်မူရာ အရပ်၊ ဌာန၊ ပုဂ္ဂိုလ် တို့ကို ဖြေဆို၍၊ ယင်းပုဂ္ဂိုလ် မေးလျှောက်သည့် စကားရပ်ကို ရေးပြပြီး၊ အဘယ်ကို "ကံအသစ်"ဟု ဆိုရသည်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ၈။ နာဠန္ဒသုတ်တော်ကို - နာဠန္ဒာ၊ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်ကျောင်း၌ ဥပါလိသူကြွယ်၏ မေးလျှောက်မှုကြောင့် ဟောတော်မူပါသည်။

မေးလျှောက်သည့်စကား - အရှင်ဘုရား ဤလောက၌ အချို့သော သတ္တဝါတို့ မျက်မှောက် ဘဝ၌ ကိလေသာမှ မငြိမ်းအေးနိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အရှင်ဘုရား.. ဤလောက၌ အချို့သောသတ္တဝါတို့ မျက်မှောက်ဘဝ၌ ကိလေသာမှ ငြိမ်းအေး နိုင်သော အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်းဟု လျှောက်ပါသည်။ (နှာ၊၃၂၂)

ကံ အသစ်ဟုဆိုရပုံ - ယခု ပစ္စုပ္ပန်အခါ၌ ကိုယ်ဖြင့်ငြင်း နှုတ်ဖြင့်ငြင်း စိတ်ဖြင့်ငြင်း တစုံတခုသော အမှုကို ပြု၏၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ယခုပြုအပ်သော ဤအမှုကို ကံသစ်ဟု ဆိုအပ်သည်။ (နှာ၊၃၄၁)

မေး ၉။ အသံ၌ အမှတ်နိမိတ်ကို ယူခြင်းထက် ရဲရဲပြောင်သည့် သံချွန်ဖြင့် နားကို ထိုးဖောက်ခြင်းက မြတ်သည်-ဟု အဘယ်အပြစ်ကို မြင်၍ ဘုရားရှင်ဟောတော်မူသည်ကို ဖြေဆို၍၊ ဒွေသည်တည်းခိုရာနှင့် တူသော ဤခန္ဓာကိုယ်၌ တည်းခိုလာရောက်ကြသည့် သဘောတရားများကိုလည်း ထုတ်ပြခဲ့ပါ။

ဖြေ ၉။ ဟောရခြင်း - ရဟန်းတို့ တည်ဆဲဝိညာဏ်သည် သဏ္ဍာန်နိမိတ်ကို သာယာသော အားဖြင့် ဖွဲ့အပ်သည်ဖြစ်၍သော်၎င်း၊ အမှတ်လက္ခဏာကို သာယာသောအားဖြင့် ဖွဲ့အပ်သည်ဖြစ်၍ သော်၎င်း တည်ရာ၏၊ ထိုအခါ၀ယ် သေခဲ့မူ ငရဲသို့ဖြစ်စေ, တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာ'ဂတိ' နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိသို့ ရောက်ရာသောအကြောင်းသည် ရှိ၏၊ ရဟန်းတို့ ဤအပြစ်ကို မြင်၍ ဤသို့ ငါဟော၏။ (နှာ၊၃၇၃)

လာရောက်တည်းခိုကြသည့် သဘောတရားများ - သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ် အာမိသနှင့် တကွဖြစ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်း ဖြစ်၏၊ ကာမဂုဏ်အာမိသ-မရှိသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည်လည်း ဖြစ်ခြင်း ဖြစ်ပါသည်။ (နှာ၊၄၁၄)

မေး ၁၀။ မာတုဂါမတို့၏ အား-ငါးမျိုးတို့ကို ရေတွက်ပြ၍၊ ဒုက္ခသဘော သုံးပါးတို့ကို ရေးပြပြီး၊ အသင်္ခတ တရား၏ အဓိပ္ပာယ်အချုပ်နှင့် ယင်းအသင်္ခတတရားသို့ ရောက်ကြောင်းလမ်းကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ ၁၀။ မာတုဂါမ အား-ငါးမျိုး - အဆင်းအား၊ စည်းစိမ်အား၊ ဆွေမျိုးအား၊ သားသမီးအား၊ သီလအားတို့ဖြစ်ပါသည်။ (နှာ၊၄၄၁)

ဒုက္ခသဘော သုံးမျိုး - ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခတို့ ဖြစ်ပါသည်။ (နှာ၊၄၄၉)

အသင်္ခတတရား - ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ နိဗ္ဗာန်ပင် ဖြစ်ပါသည်။

ရုပ်အပေါင်းကာယ၌ ရုပ်အပေါင်းကာယဟု အောက်မေ့ဆင်ခြင်မှု 'ကာယဂတာသတိ'သည် အသင်္ခတတရားသို့ ရောက်ကြောင်းလမ်း ဖြစ်ပါသည်။ (နှာ၊၅၂၇)

\+ + + + +

## ၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

## အုပ်စု (၄) ခန္ဓဝဂ္ဂ+သဠာယတနဝဂ္ဂ မေးခွန်းနှင့်အဖြေ

မေး။၁။ ဟာလိဒ္ဒိကာနိသုတ်လာ မာဂဏ္ဍိယပြဿနာ၀ယ် မြတ်စွာဘုရား အကျဉ်းဟောထားသော တရားကို ဖေ ရး၍၊ သတ္တဋ္ဌာနသုတ်မှ လိမ္မာပုံကိုလည်း ပထမခန္ဓာဖြင့် ဖြေဆိုပါ။

**ဖြေ။ ၁။ တရား ---**

အမြဲနေရာအိမ်ကိုပယ်၍ယာယီအိမ်တည်းဟူသော တည်ရာမရှိသော ရွာ၌ အကျွမ်း၀င်မှုတို့ကို မပြုသော ကာမ တို့မှ ကင်းဆိတ်သော ၀ဋ်ကို ရှေ့သွားမပြုသော ရဟန်းသည် လူတို့နှင့် ငြင်းခုံ၍ စကားပြောမှုကို မပြု ရာ။ [နှာ/၈] . ( ၅ မှတ် )

**လိမ်မာပုံ ----**

ရုပ်ကို သိ၏၊ ရုပ်ဖြစ်ကြောင်းကို သိ၏၊ ရုပ်ချုပ်ရာကို သိ၏၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ရုပ်၏ သာယာဖွယ်ကို သိ၏၊ ရုပ်၏ အပြစ်ကို သိ၏၊ ရုပ်မှ လွတ်မြောက်မှုကို သိ၏။[နှာ/၄၉]( ၅ မှတ် )

မေး။၂။ ပိဏ္ဍောလျသုတ်လာ ဆွမ်းခံသံဃာများ မည်သည့်အတွက်ကြောင့် ဆွမ်းခံမကြသည်, မည်သည့်အတွ က်ကြောင့် ဆွမ်းခံကြသည်တို့ကို ခွဲခြားဖြေဆိုပါ။

**ဖြေ။ ၂။ ဆွမ်းခံမကြခြင်း ----**

မင်းနှိပ်စက်၍လည်း မဟုတ်၊ ခိုးသူနှိပ်စက်၍လည်း မဟုတ်၊ ကြွေးမြီနှိပ်စက်၍လည်း မဟုတ်၊ ဘေးနှိပ်စက်၍လည်း မဟုတ်၊ အသက်မွေးမှုနှိပ်စက်၍လည်း မဟုတ်။ [နှာ/၇၃] ( ၅ မှတ် )

**ဆွမ်းခံကြခြင်း ---**

ပဋိသန္ဓေနေမှု၊ အိုမှု၊ နာမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် သက်၀င်အပ်ကုန်သည်ဖြစ်၍ ဆင်းရဲခြင်းတို့သည် သက်၀င်အပ်ကုန်၏၊ ဆင်းရဲတို့သည် နှိပ်စက်အပ်

ကုန်၏၊ အလုံးစုံသော ဆင်းရဲအစု၏ အဆုံးပြုမှုသည် ထင်ကောင်းတန်ရာ၏ဟု နှလုံးပြု၍ ချဉ်းကပ်ကုန်၏။[နှာ/၇၃] ( ၅ မှတ် )

**မေး။၃။** တိဿသုတ်လာ အသျှင်တိဿက ရဟန်းတို့အား ပြောဆိုပုံကို ရေး၍၊ ရာဟုလသုတ်လာ မြတ်စွာဘုရားအား လျှောက်ပုံတို့ကိုလည်း ဖြေဆိုပါ။

**ဖြေ။ ၃။ ပြောဆိုပုံ--**

ငါ့သျှင်တို့ ငါ၏ကိုယ်သည် စင်စစ်လေးလံသကဲ့သို့ ဖြစ်၏၊ ငါ့အား အရပ်မျက်နှာတို့သည်လည်း မထင်ကုန်၊ ငါ့အား တရားတို့သည်လည်း မထင်ကုန်၊ ထိုင်းမှိုင်းမှု ထိနမိဒ္ဓသည်လည်း ငါ၏စိတ်ကို သိမ်းကျုံးလျက် တည်၏၊ မပျော်မွေ့ပဲလျက် အကျင့်မြတ်ကို ကျင့်ရ၏၊ ငါ့အား တရားတို့၌ ယုံမှားမှုသည်လည်း ဖြစ်၏။ [နှာ/၈၂] ( ၆ မှတ် )

**လျှောက်ပုံ --**

အဘယ်သို့ သိသူ၊ အဘယ်သို့ မြင်သူအား ဤဝိညာဏ်ရှိသော ကိုယ်၌လည်းကောင်း၊ အပဖြစ်သော နိမိတ်အားလုံးတို့၌လည်းကောင်း၊ ငါဟု စွဲယူမှုဒိဋ္ဌိ၊ ငါ့ဥစ္စာဟု တပ်မက်မှုတဏှာ၊ ထောင်လွှားမှုမာနာနုသယတို့ မဖြစ်ပါကုန်သနည်း။ [နှာ/၁၀၄] ( ၄ မှတ် )

**မေး။ ၄။** ဂဒ္ဒုလဗဒ္ဓသုတ်လာ မြတ်ဗုဒ္ဓမဟောနိုင်သောအရာကို ပထမဥပမာနှင့်တကွ ရေးပါ။

**ဖြေ။ ၄။ ဥပမာ ---**

မဟာသမုဒ္ဒရာခြောက်ခမ်းရသော အလွန်ခြောက်ခန်းရသော မဖြစ်ပေါ်နိုင်တော့သောအခါမျိုးကား ရှိသေး၏။ [နှာ/၁၆၆] ( ၄ မှတ် )

**မဟောနိုင်သောအရာ ---**

အဝိဇ္ဇာဟူသော အပိတ်အပင်၊ တဏှာဟူသော သံယောဇဉ် ရှိသည်ဖြစ်၍ ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ဆင်းရဲ၏ အဆုံးပြုမှု။ [နှာ/၁၁၃] ( ၆ မှတ် )

**မေး။၅။** သမဏသုတ်လာ အချို့သော သမဏဗြာဟ္မဏတို့ မသိကြသောအရာတို့ကို ရေး၍၊ ဥပေါသထသုတ်မှ ရဟန်းမေးခွန်းကိုလည်း ရေးပြပါ။

**ဖြေ။ ၅။ မသိကြသောအရာ ----**

ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်မှုကိုလည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ မသိကြကုန်။ [နှာ/၁၄၇]( ၅ မှတ် )

**မေးခွန်း ---**

အသျှင်ဘုရား ဤလောက၌ အချို့သော အဏ္ဏဝနေဂါးတို့ ဥပုသ်ကျင့်သုံးကြကာ ကိုယ်ကို စွန့်ထားခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။ [နှာ/၁၉၂] ( ၅ မှတ် )

**မေး။၆။** အာဒိတ္တသုတ်လာ လောင်သောတရားများကို စက္ခုဖြင့်သာ ဖြေဆို၍၊ လောင်စေတတ်သော တရားတို့ကိုလည်း ရှေ့သုံးပါးမျှသာ ဖြေဆိုပါ။

**ဖြေ။ ၆။ လောင်သောတရားများ ----**

မျက်စိသည် ပြောင်ပြောင်တောက်လောင်၏။

အဆင်းတို့သည် ပြောင်ပြောင်တောက်လောင်၏။

စက္ခုဝိညာဏ်သည် ပြောင်ပြောင်တောက်လောင်၏။

စက္ခုသမ္ဖဿသည် ပြောင်ပြောင်တောက်လောင်၏။

စက္ခုသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ၊ ဒုက္ခ ဥပေက္ခာ သည်လည်း ပြောင်ပြောင်တောက်လောင်၏။ [နှာ/၂၄၂] ( ၆ မှတ် )

**လောင်စေတတ်သောတရား ----**

စွဲမက်မှု ''ရာဂ''မီးဖြင့်၊ အမျက်ထွက်မှု ''ဒေါသ''မီးဖြင့်၊ တွေဝေမှု ''မောဟ''မီးဖြင့်။ [နှာ/၂၅၇]

( ၄ မှတ် )

**မေး။၇၊** ဆိတ်သုဥ်းသော လောကဟူသည် အဘယ်နည်း၊ သုညတသုတ်အလို ဖြေဆို၍၊ ဥပါဒါနိယသုတ်လာ စွဲလမ်းကြောင်းနှင့် စွဲလမ်းမှုတရားတို့ကိုလည်း သိသာရုံ ဖြေဆိုပါ။

**ဖြေ။ ၇။ ဆိတ်သုဥ်းသော လောက ----**

ငါမှလည်းကောင်း၊ ငါ့ဥစ္စာမှလည်းကောင်း ဆိတ်သုဥ်းသောကြောင့်။ [နှာ/၂၇၃] ( ၃ မှတ် )

**စွဲလမ်းကြောင်း ----**

မျက်စိ။ [နှာ/၃၀၃] ( ၃ မှတ် )

**စွဲလမ်းမှု -----**

မျက်စိဥ္ဇ လိုချင်စွဲမက်မှု။ [နှာ/၃၀၃]  ( ၄ မှတ် )

**မေး။၈၊** ဝေရပာစွာနိသုတ်လာ အသျှင်ဥဒါယီသီတင်းသုံးရာအရပ်နှင့် ပုဏ္ဏော□□□၏ နောက်ဆုံး လျှောက်ထားသော စကားကို ရေးပြပါ။

**ဖြေ။ ၈။ သီတင်းသုံးရာ ---**

ကာမကလ္လာမြို့ ၊ တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ်။ [နှာ/၃၃၀]  ( ၅ မှတ် )

**စကား ----**

အသျှင်ဥဒါယီသည် တပည့်တော်မကို ယနေ့မှစ၍ အသက်ထက်ဆုံး ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသိကာမဟု အမှတ်ပြုတော်မူပါ။ [နှာ/၃၃၃] ( ၅ မှတ် )

**မေး။၉၊** သမာဓိသုတ်လာ ခံစားမှုသုံးမျိုးကို ရေး၍၊ ၎င်းသုံးမျိုးကို အဘယ်သို့ ရှုမြင်ရမည်ကိုလည်း ရေးပြပါ။

**ဖြေ။ ၉။ သုံးမျိုး ---**

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ။ [နှာ/၄၀၂]  ( ၄ မှတ် )

**ရှုမြင်ပုံ ----**

သုခဝေဒနာကို ဒုက္ခအားဖြင့်၊ ဒုက္ခဝေဒနာကို ဆူးငြောင့်အားဖြင့်၊ ဥပေက္ခာဝေဒနာကို မမြဲသောအားဖြင့်။ [နှာ/၄၀၄] ( ၅ မှတ် )

**မေး။၁၀။** ဂိလာနဒသာနသုတ်လာ စိတ္တသူကြွယ် ကွယ်လွန်ပုံကို ရေး၍၊ ကုတုဟာလသုတ်လာ ဂိုဏ်း ဆရာကြီးတို့ကိုလည်း ရေးပြပါ။

**ဖြေ။ ၁၀။ ကွယ်လွန်ပုံ ---**

စိတ္တသူကြွယ်သည် မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့ကို ဘုရား၌လည်းကောင်း၊ တရား၌လည်းကောင်း၊ သံဃာ၌လည်းကောင်း၊ စွန့်ကြဲခြင်း၌လည်းကောင်း၊ ဆောက်တည်စေ၍ ကွယ်လွန်ပါသည်။

[နှာ/၄၈၆] ( ၄ မှတ် )

**ဂိုဏ်းဆရာကြီးများ ---**

ပူရဏကဿပ

မက္ခလိဂေါသာလ

နိဂဏ္ဍနာဋပုတ္တ

သဉ္စယဗေလဋ္ဌပုတ္တ

ပကုဓကစ္စာယန

အဇိတကေသကမ္ဗလ၊ [နှာ/၅၅၃] ( ၆ မှတ် )

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**ခန္ဓဝဂ္ဂ သဠာယတနဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၈ - ရက်၊ (၂၁ - ၆ - ၂၀၂၂) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ အဠကဝဂ်၌လာသော မာဂဏ္ဍိယ အမေးပြဿနာ၌ ဘုရားရှင် အကျဉ်းဟောတော်မူသော တရားတို့ကို ဟာလိဒ္ဒိကာနိ-သုတ်လာသည့်အတိုင်း ဖြေဆို၍၊ ယင်းတို့တွင် နောက်ဆုံးတရား၏ အကျယ်အဓိပ္ပါယ်ကို အရှင်မဟာကစ္စည်း မိန့်ဆိုသည့်အတိုင်း ဖြေဆိုပါ။

၂။ အဘယ်သို့ လွတ်မြောက်သောစိတ်ကို "ကောင်းစွာလွတ်မြောက်ပြီ"ဟု ဆိုအပ်ပါသနည်း? အတ္တဒီပဝဂ်လာသည့်အတိုင်း ဖြေဆို၍၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို သိကြား,ဗြဟ္မာ,ပဇာပတိနတ်မင်းနှင့်တကွ ရှိခိုးကြပါသနည်း? ခဇ္ဇနီယသုတ်လာသည့်အတိုင်း ဖြေဆိုပါ။

၃။ အရှင်ဝက္ကလိ ဘုရားရှင်အား လျှောက်ကြားသော မိမိ၏ ပူပန်မှု(ကုက္ကုစ္စ) နှလုံးမသာယာမှု(ဝိပ္ပဋိသာရ) နှင့် ယင်းသို့ လျှောက်ကြားပြီးနောက် ဘုရားရှင် မိန့်တော်မူသောစကားတို့ကို ဖြေဆို၍၊ ခန္ဓာ (၅)ပါး တို့၏ ဥပမာ အသီးအသီးကို သိသာရုံမျှ ဖြေဆိုပါ။

၄။ အဘယ်သို့သောရဟန်းကို ဓမ္မကထိကရဟန်း,တရားအားလျော်သောအကျင့်ကို ကျင့်သောရဟန်း,မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သောရဟန်းဟု ဆိုပါသနည်း? ဓမ္မကထိကဝဂ်လာသည့်အတိုင်း ဖြေဆို၍၊ ရုပ် ဝေဒနာ စသည်ကို အဘယ့်ကြောင့် အဘယ်သို့ ရှုရမည်ကို ရာဇသံယုတ် ပဌမဝဂ် မာရသုတ်နှင့်အညီ ဖြေဆိုပါ။

၅။ မမြဲ ဆင်းရဲ ဖောက်ပြန်ခြင်းသဘောရှိသောအရာကို အစွဲမပြုသော် မဖြစ်နိုင်သောအယူဒိဋ္ဌိကို ဒိဋ္ဌိသံယုတ် သောတာပတ္တိဝဂ် ဝါတသုတ်ကို ရှုကာ ဖြေဆိုပြီး၊ အောက်သို့ ငုံ့၍ ဆွမ်းစားသူ, အထက်သို့ မော့၍ ဆွမ်းစားသူတို့၏ အဓိပ္ပါယ်ကို သုစိမုခီသုတ်အရ ဖြေဆိုပါ။

၆။ မျက်စိ(စက္ခု)၏ သာယာဖွယ်, အပြစ်, ထွက်မြောက်ရာတို့ကို ဖြေဆို၍၊ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်ကို သိပြီဟု ဝန်ခံတော်မူရာ အခါတို့ကို ပဌမပုဗ္ဗေသမ္ဗောဓသုတ်လာသည့်အတိုင်း ဖြေဆို၍၊ အာဒိတ္တသုတ်လာ မီး (၁၁)ပါးကိုလည်း ရေးပါ။

၇။ မျက်စိ, အဆင်း, စက္ခုဝိညာဏ်တို့နှင့် စပ်၍ စွဲလမ်းမှု ဥပါဒါန် ကုန်ခန်းစေရန် ဘုရားရှင် ဟောကြားတော်မူအပ်သောတရားကို ပဌမသဗ္ဗုပါဒါနပရိယာဒါနသုတ်ကို ရှုကာ ဖြေဆို၍၊ ပျက်စီးတတ်သောကြောင့် 'လောက'ဟု ဆိုရာ ပျက်စီးတတ်သောတရားတို့ကို နောက်ဆုံးတစ်စုံမျှကိုသာ ပြည့်စုံအောင် ဖြေဆိုပါ။

၈။ စက္ခုန္ဒြေနှင့် စပ်လျဉ်း၍ "မမေ့မလျော့နေတတ်သူ"ဟု ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်ကို ပမာဒဝိဟာရီသုတ်အရ ဖြေဆို၍၊ သားတော်ရာဟုလာအား အာသဝေါတရား ကုန်ခန်းခြင်း၌ ဆုံးမတရား ဟောရာအရပ်နှင့် ယင်းတရားဟောခြင်းကြောင့် ရရှိသောအကျိုးတရားတို့ကို ထုတ်နုတ်ဖြေဆိုပါ။

၉။ မြတ်စွာဘုရားသာသနာတော်၌ သမုဒ္ဒရာနှင့် တူသောတရားတို့ကို ပဌမသမုဒ္ဒသုတ်အရ ဖြေဆို၍၊ သေမင်းကို တွေ့ဝေစေပြီးသောပုဂ္ဂိုလ်ကို ဒုတိယသမုဒ္ဒသုတ်အရ ညွှန်ပြပြီး၊ အာသီဝိသောပမသုတ်လာ ဤဘက်ကမ်း, ထိုဘက်ကမ်း, ဖောင်နှင့်တူသောတရားတို့ကိုလည်း ဖော်ပြပါ။

၁၀။ ယောကျ်ားကို ဧကန်နှစ်သက်စေနိုင်သော ငါးယောက်မြောက် မာတုဂါမနှင့် မာတုဂါမ၏ သီးခြားဖြစ်သော ငါးခုမြောက်ဆင်းရဲတို့ကို ဖြေဆို၍၊ ဒုတိယပေယျာလဝဂ်လာ မာတုဂါမများ နတ်ပြည်ရောက်ကြောင်း လေးပါးမြောက်တရားတို့ကို ပြည့်စုံစွာ ဖြေဆိုပါ။

**တစ်ပုဒ်ဆာလျှင် (၁၀)မှတ်စီ**

## ၁၃၈၄-ခု၊ ၂၀၂၂-ခု
## အုပ်စု(၄) သံယုတ္တနိကာယ
## ခန္ဓဝဂ္ဂ, သဠာယတနဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

---

၁။ အဋ္ဌကဝဂ်၌ လာသော မာဂဏ္ဍိယ အမေးပြဿနာ၌ ဘုရားရှင် အကျဉ်းဟောတော်မူသော တရားတို့ကို ဟာလိဒ္ဒိကာနိ-သုတ်လာသည့်အတိုင်း ဖြေဆို၍၊ ယင်းတို့တွင် နောက်ဆုံးတရား၏ အကျယ်အဓိပ္ပါယ်ကို အရှင်မဟာကစ္စည်း မိန့်ဆိုသည့်အတိုင်း ဖြေဆိုပါ။

၁-အဖြေ

**ဘုရားရှင် အကျဉ်းဟောသောတရား-**

''အမြဲနေရာအိမ်ကိုပယ်၍ယာယီအိမ်တည်းဟူသောတည်ရာမရှိသော၊ရွာ၌အကျွမ်းဝင်မှုတိုကိုမပြုသော၊ ကာမတိုမှ ကင်းဆိတ်သော၊ (ဝဋ်ကို) ရှေ့သွား မပြုသော ရဟန်းသည် လူတိုနှင့် ငြင်းခုံ၍ စကားပြောမှုကို မပြုရာ''ဟု- ဖြစ်သည်။

**နောက်ဆုံးတရား၏ အကျယ်အဓိပ္ပါယ်-**

သင်သည်ဤဓမ္မဝိနယကိုမသိ၊ငါသည်ဤဓမ္မဝိနယကိုသိ၏၊သင်သည်ဤဓမ္မဝိနယကိုအသိုသိနိုင်အံ့နည်း၊ သင်သည်မှားသော အကျင့်ရှိသူ ဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူ ဖြစ်၏၊ ရှေ့ဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေ့ဆို၏၊ ငါ၏ စကားသည် ပြေပြစ်၏၊ သင်၏ စကားသည် မပြေပြစ်၊ သင်၏ ကြာမြင့် စွာ လေ့လာထားသော စကားသည် သင့်ဆီသို ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါ တင်ပြပြီ၊ သင် အရေးနိမ့်ပြီ၊ ငါ တင်ပြသော အပြစ်မှ လွတ်မြောက်ရန်ရှာကြံချေဦးလော့၊ သင့်ကို နိမ် အပ်ပြီ၊ စွမ်းနိုင်လျှင် ဖြေဦးလော့''ဟု ဤသိုလျှင် လူတိုနှင့် ငြင်းခုံ၍ ဤသို သဘောရှိသော စကားပြောမှုကို မပြုလုပ်ရခြင်း ဖြစ်သည်။

---

၂။ အဘယ်သို့ လွတ်မြောက်သောစိတ်ကို "ကောင်းစွာလွတ်မြောက်ပြီ"ဟု ဆိုအပ်ပါသနည်း? အတ္တဒီပဝဂ်လာသည့်အတိုင်း ဖြေဆို၍၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို သိကြား,ဗြဟ္မာ,ပဇာပတိနတ်မင်းနှင့်တကွ ရှိခိုးကြပါသနည်း? ခဇ္ဇနီယသုတ်လာသည့်အတိုင်း ဖြေဆိုပါ။

၂-အဖြေ

"ကောင်းစွာလွတ်မြောက်ပြီ"ဟု ဆိုအပ်သောစိတ်-

ရဟန်းသည် မမြဲသည်သာ ဖြစ်သော ရုပ်ကို ''မမြဲ''ဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏ မှန်ကန်သောအမြင် ဖြစ်၏၊မှန်ကန်စွာ မြင်သော် ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှု ကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်ကို ''ကောင်းစွာ လွတ်မြောက်ပြီ ''ဟု ဆိုအပ်၏။ ရဟန်းတိုရဟန်းသည် မမြဲသည်သာ ဖြစ်သော ဝေဒနာကို ''မမြဲ''ဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏မှန်ကန်သောအမြင် ဖြစ်၏၊ မှန်ကန်စွာ မြင်သော် ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှုကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်ကို ''ကောင်းစွာ လွတ် မြောက်ပြီ''ဟု ဆိုအပ်၏။ ရဟန်းတို ရဟန်းသည်မမြဲသည်သာ ဖြစ်သော သညာကို ''မမြဲ''ဟု ရှု၏။ပ။ ရဟန်းတို ရဟန်းသည် မမြဲသည်သာ ဖြစ်သောသင်္ခါရတိုကို ''မမြဲ''ဟု ရှု၏၊ ဤရှုမှုသည် ထိုသူ၏ မှန်ကန်သောအမြင် ဖြစ်၏၊ မှန်ကန်စွာ မြင်သော်ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့် စွဲမက်မှု ကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်ကို ''ကောင်းစွာ လွတ်မြောက်ပြီ''ဟုဆိုအပ်၏။ ရဟန်းတို ရဟန်းသည် မမြဲသည်သာ ဖြစ်သော ဝိညာဏ်ကို ''မမြဲ''ဟု ရှု၏၊ ဤရှုမှုသည်ထိုသူ၏ မှန်ကန်သောအမြင် ဖြစ်၏၊ မှန်ကန်စွာ မြင်

သော် ငြီးငွေ့၏၊ နှစ်သက်မှု ကုန်ခြင်းကြောင့်စွဲမက်မှု ကုန်၏၊ စွဲမက်မှု ကုန်ခြင်းကြောင့် နှစ်သက်မှု ကုန်၏၊ နှစ်သက်မှု စွဲမက်မှု ကုန်ခြင်းကြောင့်လွတ်မြောက်သော စိတ်ကို ''ကောင်းစွာ လွတ်မြောက်ပြီ''ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။ (ပါ-၄၂၊ ပိုဒ်ရေ-၅၁၊ ပြန်-၄၁)

ရှိခိုးကြသောပုဂ္ဂိုလ်-

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ဝိညာဏ် မဖျက်ဆီးတတ်၊ မပွားစေတတ်, ဖျက်ဆီးပြီး၍ကား တည်သော

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် မပယ်စွန့် စွဲလန်းမယူ ပယ်စွန့်ပြီး၍ကား တည်သော

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို ဖရိုဖရဲ မဖြန့်ကျဲ၊ မပေါင်းစု ဖရိုဖရဲ ဖြန့်ကျဲပြီး၍ကား တည်သော

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို မငြိမ်းစေ မတောက်လောင်စေ ငြိမ်းစေပြီး၍ကား တည်သော

ဤသို့ လွတ်မြောက်သောစိတ်ရှိသောပုဂ္ဂိုလ်ကို သိကြား,ဗြဟ္မာ,ပဇာပတိနတ်မင်းနှင့်တကွ ရှိခိုးကြပါသည်။

(ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- ၁၀၂ )

---

၃။ အရှင်ဝက္ကလိ ဘုရားရှင်အား လျှောက်ကြားသော မိမိ၏ ပူပန်မှု(ကုက္ကုစ္စ) နှလုံးမသာယာမှု(ဝိပ္ပဋိသာရ) နှင့် ယင်းသို့ လျှောက်ကြားပြီးနောက် ဘုရားရှင် မိန့်တော်မူသောစကားတို့ကို ဖြေဆို၍၊ ခန္ဓာ (၅)ပါး တို့၏ ဥပမာ အသီးအသီးကို သိသာရုံမျှ ဖြေဆိုပါ။

၃-အဖြေ

**အရှင်ဝက္ကလိ၏ ပူပန်မှု နှလုံးမသာယာမှု-**

အရှင်ဘုရားတပည့်တော်သည်ကြာမြင့်စွာကပင်မြတ်စွာဘုရားကိုဖူးမြင်ရန်,ချဉ်းကပ်လိုခဲ့ပါ၏၊သို့ရာတွင် တပည့်တော်၏ ကိုယ်၌ မြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်နိုင်လောက်သော ခွန်အားမျှပင် မရှိခဲ့ပါ၊ ဤသို့သော ပူပန်မှု, နှလုံးမသာမှု ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**ဘုရားရှင် မိန့်တော်မူသောစကား-**

ဝက္ကလိမသင့်လျော်ဤအကောင်ပုတ်ကိုသင်ဖူးမြင်ခြင်းဖြင့်အဘယ်အကျိုးရှိမည်နည်း။ဝက္ကလိတရားကိုမြင်သောသူသည် ငါဘုရားကို မြင်သည်မည်၏၊ ငါဘုရားကို မြင်သောသူသည် တရားကို မြင်သည်မည်၏၊ ဝက္ကလိ မှန်၏ တရားကို မြင်လျှင် ငါ့ကို မြင်၏၊ ငါ့ကို မြင်လျှင် တရားကိုမြင်၏-ဟု မိန့်တော်မူသည်။

(ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**ခန္ဓာ ၅-ပါးတို့၏ ဥပမာ-**

ရုပ်ကို ရေမြှုပ်စိုင်နှင့်တူ၏ဟူ၍လည်းကောင်း၊

ဝေဒနာကို ရေပွက်နှင့်တူ၏ဟူ၍လည်းကောင်း၊

သညာကို တံလျှပ်နှင့်တူ၏ဟူ၍လည်းကောင်း၊

သင်္ခါရကို ငှက်ပျောတုံးနှင့်တူ၏ဟူ၍လည်းကောင်း၊

ဝိညာဏ်ကိုမျက်လှည့်နှင့်တူ၏ဟူ၍လည်းကောင်း-နေမင်းအဆွေတော်ဖြစ်တော်မူသောမြတ်စွာဘုရားသည် ဟောတော်မူ၏။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

---

၄။ အဘယ်သို့သောရဟန်းကို ဓမ္မကထိကရဟန်း, တရားအား လျော်သောအကျင့်ကို ကျင့်သောရဟန်း, မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သောရဟန်းဟု ဆိုပါသနည်း? ဓမ္မကထိကဝဂ်လာသည့်အတိုင်း ဖြေဆို၍၊ ရုပ် ဝေဒနာစသည်ကို အဘယ့်ကြောင့် အဘယ်သို့ ရှုရမည်ကို ရာဇသံယုတ် ပဌမဝဂ် မာရသုတ်နှင့်အညီ ဖြေဆိုပါ။

၄-အဖြေ

**ဓမ္မကထိကရဟန်း–**

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့ကိုငြီးငွေ့စေရန်စွဲမက်မှုကင်းစေရန်ချုပ်စေရန်တရားကိုဟောသောရဟန်းကို– ဓမ္မကထိကရဟန်း–ဟု ဆိုရသည်။ (ပါ– ၊ ပိုဒ်ရေ– ၊ ပြန်– )

**တရားအားလျော်သောအကျင့်ကို ကျင့်သောရဟန်း–**

ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့ကိုငြီးငွေ့စေရန်စွဲမက်မှုကင်းစေရန်ချုပ်စေရန်ကျင့်သောရဟန်းကို – တရားအားလျော်သောအကျင့်ကို ကျင့်သောရဟန်း ဟု ဆိုရသည်။ (ပါ– ၊ ပိုဒ်ရေ– ၊ ပြန်– )

**မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သောရဟန်း–**

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုငြီးငွေ့၍စွဲမက်မှုကင်းလျက်ချုပ်စေပြီးလျှင်မစွဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်သော ရဟန်းကို– မျက်မှောက်၌ နိဗ္ဗာန်သို့ ရောက်သောရဟန်းဟု ဆိုရသည်။

**ရုပ်, ဝေဒနာ–စသည်ကို** ရုပ်, ဝေဒနာ–စသည်ရှိလျှင် သေခြင်းသည်လည်းကောင်း, သေစေသူသည် လည်းကောင်း, သေသူသည်လည်းကောင်း ရှိရာသောကြောင့်– ရုပ်, ဝေဒနာစသည်ကို သေခြင်းတရားဟု လည်းကောင်း, သေစေသူဟုလည်းကောင်း, သေသူဟုလည်းကောင်း, ရောဂါ အနာ ငြောင့် ဆင်းရဲ ဆင်းရဲ ကြောင်းဟုလည်းကောင်း ရှုရမည်။ (ပါ– ၊ ပိုဒ်ရေ– ၊ ပြန်– )

---

၅။ မမြဲ ဆင်းရဲ ဖောက်ပြန်ခြင်းသဘောရှိသောအရာကို အစွဲမပြုသော် မဖြစ်နိုင်သောအယူဒိဋ္ဌိကို ဒိဋ္ဌိသံယုတ် သောတာပတ္တိဝဂ် ဝါတသုတ်ကို ရှုကာ ဖြေဆိုပြီး၊ အောက်သို့ ငုံ့၍ ဆွမ်းစားသူ, အထက်သို့ မော့၍ ဆွမ်းစားသူတို့၏ အဓိပ္ပါယ်ကို သုစိမုခီသုတ်အရ ဖြေဆိုပါ။

၅-အဖြေ

**မဖြစ်နိုင်သော အယူဒိဋ္ဌိ–**

လေတို့သည်မတိုက်ကုန်၊မြင်းတို့သည်မစီးကုန်၊ကိုယ်ဝန်ဆောင်တို့သည်မဖွားကုန်၊လနေတို့သည်မထွက်ကုန်, မဝင်ကုန်၊ ခိုင်မြဲသော တံခါးကဲ့သို့ တည်ကုန်၏–ဟူသော အယူဒိဋ္ဌိ ဖြစ်သည်။

(ပါ– ၊ ပိုဒ်ရေ– ၊ ပြန်– )

**အောက်သို့ ငုံ့၍ ဆွမ်းစားသူ–**

မြေကြန်အတတ်ဟူသော(မင်္ဂဖိုလ်မှ)ဖီလာဖြစ်သောအတတ်နှင့်မှားသောအသက်မွေးခြင်းဖြင့်အသက်မွေးကြသော သမဏဗြာဟ္မဏအားလုံးတို့ကို အောက်သို့ ငုံ့၍ ဆွမ်းစားသူ–ဟု ဆိုအပ်၏။

(ပါ– ၊ ပိုဒ်ရေ– ၊ ပြန်– )

**အထက်သို့ မော့၍ ဆွမ်းစားသူ–**

နက္ခတ်အတတ်ဟူသော(မင်္ဂဖိုလ်မှ)ဖီလာဖြစ်သောအတတ်ဖြင့်မှားသောအသက်မွေးခြင်းဖြင့်အသက်မွေးကြသော သမဏဗြာဟ္မဏအားလုံးတို့ကိုပင် “အထက်သို့ မော့၍ ဆွမ်းစားသူ”ဟု ဆိုအပ်သည်။

(ပါ– ၊ ပိုဒ်ရေ– ၊ ပြန်– )

---

၆။ မျက်စိ(စက္ခု)၏ သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့ကို ဖြေဆို၍၊ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်ကို သိပြီဟု ဝန်ခံတော်မူရာ အခါတို့ကို ပဌမပဗ္ဗေသမ္ဗောဓသုတ်လာသည့်အတိုင်း ဖြေဆို၍၊ အာဒိတ္တသုတ်လာ မီး (၁၁)ပါးကိုလည်း ရေးပါ။

၆-အဖြေ **မျက်စိ၏ သာယာဖွယ်-**

မျက်စိကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု, ဝမ်းမြောက်မှု။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**မျက်စိ၏ အပြစ်-**

မျက်စိ၏ မမြဲခြင်း, ဆင်းရဲခြင်း, ဖောက်ပြန်ခြင်းသဘော (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**မျက်စိ၏ ထွက်မြောက်ရာ-**

မျက်စိ၌ လိုချင်စွဲလမ်းမှု ဆန္ဒရာဂကို ဖျောက်ခြင်း, ပယ်ခြင်း-တို့ ဖြစ်သည်။(ပါ- ၊ပိုဒ်ရေ- ၊ပြန်- )

**သဗ္ဗညုတဉာဏ်ကို သိပြီဟု ဝန်ခံတော်မူရာအခါ-**

ခြောက်ပါးသောကိုယ်တွင်းဖြစ်တည်ရာအဇ္ဈတ္တိကာယတနတို့၏သာယာဖွယ်ကိုသာယာဖွယ်အားဖြစ်, အပြစ်ကို အပြစ်အားဖြင့် ထွက်မြောက်ရာကို ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိပြီးသောအခါ-ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**မီး ၁၁-ပါး**

စွဲမက်မှု ရာဂ၊ အမျက်ထွက်မှု ဒေါသ၊ တွေဝေမှု မောဟ၊ ပဋိသန္ဓေနေမှု ဇာတိ၊ အိုမှု ဇရာ၊ သေမှု မရဏ၊ စိုးရိမ်မှု သောက၊ ငိုးကြွေးမှု ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွာ ပင်းပန်းမှု ဥပါယာသ-တို့ ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

---

၇။ မျက်စိ, အဆင်း, စက္ခုဝိညာဏ်တို့နှင့် စပ်၍ စွဲလမ်းမှု ဥပါဒါန် ကုန်ခမ်းစေရန် ဘုရားရှင် ဟောကြားတော်မူအပ်သောတရားကို ပဌမသဗ္ဗုပါဒါနပရိယာဒါနသုတ်ကို ရှုကာ ဖြေဆို၍၊ ပျက်စီးတတ်သောကြောင့် 'လောက'ဟု ဆိုရာ ပျက်စီးတတ်သောတရားတို့ကို နောက်ဆုံးတစ်စုံမျှကိုသာ ပြည့်စုံအောင် ဖြေဆိုပါ။

၇-အဖြေ

**ဟောကြားအပ်သောတရား-**

မျက်စိကိုလည်းကောင်း အဆင်းကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်ဖြစ်၏၊ မျက်စိ, အဆင်း, စက္ခုဝိညာဏ် သုံးမျိုးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု "ဖဿ"ဖြစ်၏၊ တွေ့ထိမှု ဖဿဟူသောအကြောင်းကြောင့် ခံစားမှု ဝေဒနာဖြစ်၏၊ ဤသို့ ရှုသော အကြားအမြင်ရှိသောသူသည် မျက်စိ၌လည်း ငြီးငွေ့၏၊ အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော "ငါသည် စွဲလမ်းမှု ဥပါဒါန်ကို ကုန်ခန်းစေအပ်ပြီ"ဟု ပိုင်းခြား၍ သိ၏-ဟု ဟောတော်မူသည်။

**ပျက်စီးသောတရား နောက်ဆုံးတစ်စုံ-**

စိတ်၊ (ဓမ္မ)သဘောတရား၊ မနောဝိညာဏ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာ-တို့ ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

---

၈။ စက္ခုန္ဒြေနှင့် စပ်လျဉ်း၍ "မမေ့မလျော့နေတတ်သူ"ဟု ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်ကို ပမာဒဝိဟာရီသုတ်အရ ဖြေဆို၍၊ သားတော်ရာဟုလာအား အာသဝေါတရား ကုန်ခမ်းခြင်း၌ ဆုံးမတရား ဟောရာအရပ်နှင့် ယင်းတရား ဟောခြင်းကြောင့် ရရှိသောအကျိုးတရားတို့ကို ထုတ်နုတ်ဖြေဆိုပါ။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

၈-အဖြေ

**မမေ့မလျော့ နေတတ်သူ-ဟု ခေါ်ဆိုနိုင်ခြင်းအကြောင်း-**

စက္ခုန္ဒြေကို ပိတ်ဆို့သည်ဖြစ်၍ နေသောသူ၏ စိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်း

တို့၌ စိုစွတ်လျက် မဖြစ်၊ ထိုစိုစွတ်၍ မဖြစ်သောစိတ်ရှိသူအား ဝမ်းမြောက်မှု ဖြစ်၏၊ ဝမ်းမြောက်မှု ဖြစ်သောသူအား နှစ်သက်မှု ဖြစ်၏၊ နှစ်သက်မှု ရှိသောသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ကိုယ်ငြိမ်းချမ်းသော သူသည် ချမ်းသာစွာ နေရ၏၊ ချမ်းသာသောသူ၏ စိတ်သည် တည်ငြိမ်၏၊ စိတ်တည်ငြိမ်သော တရားတို့သည် ထင်စွာ ဖြစ်ပေါ်လာကုန်၏၊ တရားတို့ ထင်စွာဖြစ်ပေါ်လာခြင်းကြောင့် မမေ့မလျော့နေတတ်သူ-ဟု ခေါ်ဆိုနိုင်သည်။

(ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**ဆုံးမတရား ဟောရာအရပ်-**

အန္ဓဝန်တောအုပ် တစ်ခုသော သစ်ပင်ရင်းဝယ် ခင်းထားသောနေရာ-ဖြစ်သည်။

(ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**ရရှိသော အကျိုး-**

အရှင်ရာဟုလာ၏ စိတ်သည် အဘယ်အရာကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ခြင်း, အထောင်မက များစွာသော နတ်တို့အားလည်း "ဖြစ်ခြင်းသဘောရှိသော အရာမှန်သမျှသည် ချုပ်ခြင်းသဘောရှိ၏"ဟု ကိလေသာမြူအညစ်အကြေးကင်းသော တရားမျက်စိ (သောတာပတ္တိမဂ်ဉာဏ်) ထင်ရှားဖြစ်ခြင်း-အကျိုးရှိသည်။

---

၉။ မြတ်စွာဘုရားသာသနာတော်၌ သမုဒ္ဒရာနှင့် တူသောတရားတို့ကို ပဌမသမုဒ္ဒသုတ်အရ ဖြေဆို၍၊ သေမင်းကို တွေဝေစေပြီးသောပုဂ္ဂိုလ်ကို ဒုတိယသမုဒ္ဒသုတ်အရ ညွှန်ပြပြီး၊ အာသီဝိသောပမသုတ်လာ ဤဘက်ကမ်း, ထိုဘက်ကမ်း, ဖောင်နှင့်တူသောတရားတို့ကိုလည်း ဖော်ပြပါ။

၉-အဖြေ

**သမုဒ္ဒရာနှင့် တူသောတရား-**

မျက်စိ၊ နား၊ နှာ၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်-တို့ ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**သေမင်းကို တွေဝေစေပြီးသောပုဂ္ဂိုလ်-**

စွဲမက်မှု ရာဂကိုလည်းကောင်း, ပြစ်မှားမှု ဒေါသကိုလည်းကောင်း, မသိမှု အဝိဇ္ဇာကိုလည်းကောင်း ကင်းကွာစေပြီးသော ပုဂ္ဂိုလ်-ဖြစ်သသည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**ဤဘက်ကမ်းနှင့် တူသောတရား-** ထင်ရှားသော ခန္ဓာကောင် သက္ကာယဖြစ်သည်။

**ထိုဘက်ကမ်းနှင့် တူသောတရား-** နိဗ္ဗာန် ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**ဖောင်နှင့် တူသောတရား-** မှန်ကန်စွာ မြင်ခြင်း သမ္မာဒိဋ္ဌိ (ပ) မှန်ကန်စွာ တည်ကြည်ခြင်း သမ္မာသမာဓိ-ဟူသော အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

---

၁၀။ ယောက်ျားကို ကေန်နှစ်သက်စေနိုင်သော ငါးယောက်မြောက် မာတုဂါမနှင့် မာတုဂါမ၏ သီးခြားဖြစ်သော ငါးခုမြောက်ဆင်းရဲတို့ကို ဖြေဆို၍၊ ဒုတိယပေယျာလဝဂ်လာ မာတုဂါမများ နတ်ပြည်ရောက်ကြောင်း လေးပါးမြောက်တရားတို့ကို ပြည့်စုံစွာ ဖြေဆိုပါ။

၁၀-အဖြေ

**ယောက်ျားကို ကေန်နှစ်သက်စေနိုင်သောမာတုဂါမ-**

သားသမီး ရသော မာတုဂါမ-ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**မာတုဂါမ၏ သီးခြားဖြစ်သော ဆင်းရဲ-**

ယောက်ျား၏ အလုပ်အကျွေးအဖြစ်သို့ ရောက်ရခြင်း ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

**မာတုဂါမများ နတ်ပြည်ရောက်ကြောင်းတရား-**

အမျက်မထွက်ခြင်း၊ ရန်ငြိုးမရှိခြင်း၊ မငြူစူခြင်း၊ ဝန်မတိုခြင်း၊ လင်ကို လွန်ကျူး၍ မကျင့်ခြင်း၊ သီလရှိခြင်း၊ အကြားအမြင်ရှိခြင်း၊ ထက်သန်သော လုံ့လရှိခြင်း၊ ထင်သောသတိရှိခြင်း၊ မမှန်ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း-တို့ဖြစ်သည်။ (ပါ- ၊ ပိုဒ်ရေ- ၊ ပြန်- )

---

တပည့်ဆိုတာ ဆရာထက် တော်ရမယ်။

ဆရာလောက်သာ တော်လို့ကတော့

ဘယ်က တိုးတက်မှု ရှိမှာလဲ--?။

(ဆရာကြီး ဦးဖေမောင်တင်)

✍️အရှင်သီလဝံသာလင်္ကာရ(ရေစကြို)